၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.819, June 19, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်ပြည့် မွေးနေ့စကား

"အမှန်ပြောရမယ်ဆိုရင်တော့ ထူးထူးခြားခြား ဘာအနက်အဓိပ္ပါယ်မှမရှိပါဖူး၊ မွေးနေ့ဆိုတာ မွေးနေ့ပါဘဲ၊ တစ်နှစ်နဲ့တစ်နှစ်ကျော်လွန်သွားရတာပေါ့နော်၊ အဲ့ဒီတော့ တစ်နှစ်ပိုပြီး ကြီးလာလို့လည်းအခြေအနေတွေက ထူးခြားချင်မှ ထူးခြားမှာ၊ တစ်ခါတစ်လေ တစ်နေ့ကြီးသွားရုံနဲ့ လည်း ထူးခြားတာတွေ ရှိပါတယ်။ အဲ့ဒါကြောင့်မို့ ထူးခြားတယ်ဆိုလို့ မွေးနေ့ ဆိုပြီး သတ်မှတ်ထားတာ တစ်ခုပါဘဲ။

ဘဝရဲ့အောင်မြင်မှုတွေ လွဲချော်မှုတွေဆိုတာ တော်တော်ကြာမှ သုံးသပ်နိုင်တာ ဖြစ်ပါတယ်။

အထူးသဖြင့် နိုင်ငံရေးနဲ့ပတ်သက်လို့ရှိရင် ဒီလိုပါဘဲ၊ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံရေးကိစ္စတွေက တစ်ခါတစ်လေအဖြေက တစ်ခုထဲရှိတာမဟုတ်ဖူး၊ အဖြေမှန်ဆိုတာ တစ်ခုထဲရှိတာမဟုတ်ဖူး၊ ဒီလိုအဖြေမှန်ဆိုတာ တစ်ခုထဲရှိတယ်ဆိုလို့ရှိရင် သမိုင်းရေးဆရာတွေတော်တော်အလုပ်နည်းသွားမယ်၊ အခုဆိုရင်အရင်တုန်းကဖြစ်ပျက် ခဲ့တဲ့ နိုင်ငံရေးကိစ္စတွေ သမိုင်းကိစ္စတွေကို ဆက်စပ်ပြီးတော့ သူတို့ သုံးသပ်နေကြတာဘဲ၊ တစ်ယောက်တစ်မျိုးပေါ့နော်၊ အမြင်တွေကအမျိုးမျိုး၊ အဲ့ဒါဟာ ဒီနိုင်ငံရေးရဲ့သဘောတရားကိုကအမြင်အမျိုးမျိုးနဲ့သုံးသပ်နိုင်တယ်ဆိုတာပြတာဘဲ၊ ကျွန်မတို့ကလည်း ဒါကိုအမြဲဘဲ စိတ်ထဲမှာထားပါတယ်။ အဓိကအရေးကြီးတာကတော့ ကိုယ်တတ်နိုင်သမျှကိုယ်ကျိုးစားမယ်၊ နောက်ပြီးတော့ကိုယ်မှား ခဲ့တယ်လို့ထင်ရင် ကိုယ့်ကိုကိုယ်ပြုပြင်ဖို့ကျိုးစားမယ်၊ ဒါက အရေးကြီးဆုံးဘဲ။ ကိုယ်အောင်မြင်တာတွေကြလို့ရှိရင် ဒီလိုအောင်မြင်မှုတွေ ထပ်ရအောင်လို့သင်ခန်းစာယူပြီးဆက်ပြီးတော့ ကျိုးစားသွားမယ်။

သံန္နိဋ္ဌာန်ဆိုတာ နေ့တိုင်းချရမယ့် ကိစ္စလို့ ကျွန်မယုံပါတယ်၊ မွေးနေ့ တစ်နေ့ မှာမှ မဟုတ်ပါဖူး၊ တစ်နှစ်တစ်ခါ သံန္နိဋ္ဌာန်ချရုံနဲ့ ဘာမှဖြစ်မှာမဟုတ်ပါဖူး၊ သံန္နိဋ္ဌာန်ဆိုတာ မနက်တိုင်း မနက်တိုင်း ကိုယ်ဒီနေ့တစ်နေ့ကို မျက်နှာချင်းဆိုင်လာရတော့မယ်ဆိုရင် သံန္နိဋ္ဌာန်ပြန်ချပြီးတော့ ကိုယ်ရဲ့တာဝန်တွေကျေဖို့၊ ဒါပါဘဲ ကျွန်မရဲ့ အဓိကသံန္နိဋ္ဌာန်ကတော့ ကျွန်မတာဝန်တွေကို အတတ်နိုင်ဆုံး ကျွန်မ ကျေအောင်လုပ်မယ်ဆိုတဲ့ သံန္နိဋ္ဌာန်ပါဘဲ၊ ဒါက နေ့တိုင်းချနေရတဲ့ သံန္နိဋ္ဌာန်ပါ။

ကိုယ့်ဘဝရည်မှန်းချက်နဲ့ကိုယ့်ရဲ့သံန္နိဋ္ဌာန်တွေဆိုတာရောယှက်နေပါတယ်၊ အဲ့ဒီတော့ ကျွန်မရဲ့ ရည်မှန်းချက်ကလည်း ရိုးရိုးလေးပါဘဲ၊ ကျွန်မ တာဝန်တွေကျေပွန်ချင်တယ်၊ တတ်နိုင်သမျှ ကျွန်မလုပ်ပေးမယ်ဆိုတဲ့ကိစ္စတွေကို ပြီးမြောက်အောင်လို့ ကျွန်မ လုပ်ပေးချင်တယ်၊ ဒါပေမယ့် ကျွန်မ နိုင်ငံရေးစလုပ်ကတည်းက ပြည်သူကို ပေးခဲ့တဲ့ကတိ တစ်ခုထဲရှိပါတယ်၊ ကျွန်မ တတ်နိုင်သမျှလုပ်မယ်၊ အကောင်းဆုံးတတ်နိုင်သမျှလုပ်မယ်၊ ဒါထက် ပိုပြီးတော့တော့ ဘာမှက တိမပေးနိုင်ပါဖူးဆိုတဲ့ ပြောထားတဲ့အတိုင်း ကျွန်မအကောင်းဆုံး ကျွန်မတတ်နိုင်သမျှတော့ လုပ်သွားမှာပါဘဲ။

စေတနာမှန်မှန်နဲ့ပေးတဲ့ ဆုတိုင်းဟာ အာနိသင်ရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်၊ ဘယ်ဘာသာဘဲ ကိုးကွယ် ကိုးကွယ်၊ ဘာဘာသာစကားကိုဘဲပြောပြော၊ ဘယ်နိုင်ငံသူနိုင်ငံသားဘဲဖြစ်ဖြစ် တကယ့်ကိုစေတနာနဲ့တောင်းပေးလိုက်တဲ့ဆုဟာ ထိရောက်မှုရှိတယ်၊ အတိုင်းအတာတစ်ခုတော့ ထိရောက်မှုရှိတယ်လို့ကျွန်မယုံပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မက မေတ္တာစေတနာရဲ့စွမ်းပကားကို အင်မတန်အယုံအကြည်ရှိလို့ပါ၊ ဒါကြောင့်မို့လို ကျွန်မအတွက် မွေးနေ့တွေ အ

စာမျက်နှာ ၂ သို့

မြန်မာနိုင်ငံကို ဦးတည်ခဲ့တဲ့ မြောက်ကိုရီးယားသင်္ဘော အမေရိကန်တားဆီး
စာမျက်နှာ ၃

မြန်မာ့လူမှုတရားမျှတရေး ကူညီဖို့ ဒေါ်အောင်ဆန်းစုကြည် ပန်ကြား
စာမျက်နှာ ၅

ပြည်တွင်းစစ်ဖြစ် လာနိုင်တဲ့ အန္တရာယ် ဦးသိန်းစိန်အစိုးရကို KIO သတိပေး
စာမျက်နှာ ၁၀

အီးယူ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံလာရောက်မည်
စာမျက်နှာ ၁၂

ထိုင်းနိုင်ငံရှိမြန်မာရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်မှတ်ပုံတင်ခွင့် စတင်
စာမျက်နှာ ၁၆

တိုက်ပွဲအတွင်း နအဖ စစ်သား ၆ ယောက်ကို ကေအိုင်အေ ဖမ်းဆီး
စာမျက်နှာ ၁၈

VOB အာဘော်

# ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ် မြောက်မွေးနေ့သို့

ဒီကနေ့ ဂျွန် ၁၉ ၂၀၁၁ နေ့သည် အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက်မွေးနေ့ဖြစ်ပါသည်။ ထူးခြားသည့်နှစ်ဟုဆိုရပေမည်။ သူမကို ချစ်ခင်လေးစား မြတ်နိုးကြသော မြန်မာပြည်သူ လူထုကြီးနှင့်အတူ မိမိကိုယ်တိုင် မွေးနေ့ပွဲကို ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

ပြည်သူလူထု၏ လေးစားယုံကြည်အားကိုးမှုကိုခံရသော လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း မိမိ၏မွေးနေ့ကို ယခုကဲ့သို့ လူထုကြီးမှ နှစ်ထောင်းအားရ ကြည်နူးဝမ်းမြောက်စွာကျင်းပကြဆုတောင်းပေးကြသည်ကို အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ယခုလို စေတနာမှန်မှန်နှင့်ဆုတောင်းမေတ္တာပို့ပေးခြင်းသည် အကျိုးအာနိသင်ရှိကြောင်းပြောဆိုပါသည်။

ပြည်သူလူထုကြီး၏ မေတ္တာစေတနာစွမ်းပကားကို သူမ လုံးဝယုံကြည်ကြောင်း၊ ထို့ကြောင့်လည်း ယခင်မွေးနေ့များမှ သည်ယခုမွေးနေ့အထိ ဆုမွန်ကောင်းတောင်းပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ကြောင်းနှင့် ယခုလိုဆုမွန်ကောင်းတောင်းပေးခြင်းများသည် သူမအတွက် ထိရောက်ကြောင်းနှင့် အထူးအထောက်အကူပေးကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုပါသည်။

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ကို ပြည်တွင်းမှာသာမက ဒေါ်စုကို လေးစားချစ်ခင်မြတ်နိုးကြသော ပြည်ပရောက် မြန်မာပြည်သူများကလည်း နိုင်ငံအသီးသီးမှာ ကျင်းပကြပါသည်၊ မိမိတို့ရောက်ရှိနေသည့် နိုင်ငံမှ ဒေါ်စုကို ချစ်ခင်လေးစားကြသော နိုင်ငံသားများကလည်း ပါဝင်ဆင်နွှဲကျင်းပကြသည်။ ဘာသာပေါင်းဖြင့် ဆုမွန်ကောင်းများ တောင်းပေးကြသည်။

နိုင်ငံတကာရှိ ခေါင်းဆောင်များ တက္ကသိုလ်ကျောင်းများ ပညာရှင်များ ထင်ရှားကျော်ကြားသော အနုပညာရှင်းများမှ ဒေါ်အောင်ဆန်းစုကြည်ကို အထင်ကြီးလေးစား စံထားရလောက်သည့် တတ်သိပညာရှင် ကမ္ဘာ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုပြောဆိုနေသည်ကို ဒုသမတဆိုသူ စစ်ဗိုလ်ချုပ်တင်အောင်မြင့်ဦးမှ သာမာန်ပြည်သူတယောက်သာဖြစ်သည်ဟု ပြောဆိုသုံးနှုံးလိုက်ခြင်းသည် အင်မတန်သေးသိမ်ညံ့ဖျင်းလွန်းရာကျသည်ဟု ဆိုချင်သည်။ တပ်ချုပ်ကြီးအပါမဝင် ကျန်စစ်ဗိုလ်ချုပ်တို့သည် ကမ္ဘာ့အလယ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ကြီးမြတ်သော ဂုဏ်ပုဒ်တွေ ဉာဏ်ပညာထက်မျက်မှုတွေ မမြော်အမြင်ကြီးမားမှုတွေကို အသိအမှတ်ပြုလိုပုံမရှိ၊ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာလူထု၏ ခေါင်းဆောင်သာမက ကမ္ဘာ့ပြည်သူများ၏ ခေါင်းဆောင်ဟုလည်းဆိုနိုင်သည်။

နိုင်ငံတကာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဂုဏ်သတင်းသည် တနေ့ထက်တနေ့ ပိုမိုထွန်းတောက် ကျော်ကြားလျက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်မှ နာမည်ကောင်းနှင့်ကျော်ကြားနေချိန်၊ နာမည်ဆိုးနှင့် ကျော်ကြားနေသူများကတော့ စစ်တပ်ဗိုလ်ချုပ်ကြီးများပင်ဖြစ်သည်။ ကမ္ဘာတွင် လူမရာမဝင်သော နအဖစစ်ဗိုလ်ချုပ်များသည်၊ တိုင်းပြည်တွင်း၌ပင် လူထုကြီးအား သေနတ်တကားကားနှင့် လူမိုက်ဆန်ဆန် ရန်ပြုချုပ်ချယ်လျက်ရှိသည်ကို ကမ္ဘာက သိနေသည်၊ ထို့ကြောင့်လည်း အမေရိကန်အပါအဝင် ဥရောပနိုင်ငံများက စစ်ဗိုလ်ချုပ်တသိုက်နှင့်ပတ်သက်သော လူတစုကို ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားသည်။ လူဆိုးလူမိုက်များကို သူတို့တိုင်းပြည်တွင်းသို့ အဝင်မခံလို၍ဖြစ်ဟန်တူသည်။

စစ်ဗိုလ်ချုပ်များ သာမန်ပြည်သူတယောက်သာဖြစ်သည်ဟုပြောဆိုနေသော လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့အလယ်တွင် တင့်တယ်ခန့်ညား ကြက်သရေအပေါင်းနှင့်ပြည့်စုံသော အမျိုးသားခေါင်းဆောင်ကြီးတယောက်ဖြစ်ပါတော့သည်။ ဒေါ်အောင်ဆန်းစုကြည်သက်တော်ရာကျော်ရှည်စေသောဝ်၊

---

**မျက်နှာဖုံးမှ**

ရင် အတိတ်က မွေးနေ့တွေမှာ ဆုမွန်ကောင်းတောင်းပေးခဲ့တဲ့ပုဂ္ဂိုလ်တွေ အခုဒီနေ့မွေးနေ့မှာ ဆုမွန်ကောင်းတောင်းပေးနေတဲ့ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်တယ်လို့ ပြောရင်းနဲ့ဒီ ဆုတောင်းပေးချက်တွေဟာ အလဟဿမဟုတ်ပါဖူး၊ ဒီ ဆုတောင်းပေးချက်တွေဟာ အင်မတန်မှထိရောက်ပါတယ်၊ ကျွန်မကိုလည်း အင်မတန်မှ အထောက်အကူပေးပါတယ်လို့ ပြောချင်ပါတယ်။

မွေးနေ့ မှာ သီးသီးသန့်သန့်ပြောချင်တယ်တဲ့စကားဆိုတာလည်း တကယ်တော့ နေ့တိုင်းပြောချင်တဲ့ စကားမျိုးပါဘဲ၊ စောစောက ကျွန်မပြောသလိုပေါ့၊ မွေးနေ့တစ်နေ့ ဆိုတာဟာ ကျန်တဲ့ တစ်နှစ်လုံးရဲ့ နေ့တွေနဲ့ တကယ်တော့ မခြားသင့်ပါဘူး။

အဲ့ဒီတော့ ကျွန်မပြောချင်တဲ့စကားက ဒီမိုကရေစီကို တကယ်လိုလားတဲ့သူတွေက ညီညီညွတ်ညွတ်နေကြပါ၊ ညီညီညွတ်ညွတ်နေပြီးတော့ ရိုးရိုးကျင့် မြင့်မြင့်ကြံကြပါ၊ သိပ်ပြီးတော့ ကိုယ့်ကိုကိုယ်ထင်ပေါ်ချင်တဲ့စိတ် ကိုယ့်အတွက်ဘဲ ကိုယ်လုပ်ချင်တဲ့စိတ်တွေကို မထားကြပါနဲ့၊ အဲ့ဒီလို စိတ်တွေပါလာလို့ရှိရင် နိုင်ငံရေးမှာ အနှောင့်အယှက်တွေ အများကြီးဖြစ်နိုင်ပါတယ်၊ နိုင်ငံရေးလုပ်တယ်ဆိုတာ နည်းအမျိုးမျိုးနဲ့ လုပ်ရပါတယ်။

ကျွန်မတို့လို နိုင်ငံရေးလုပ်တဲ့သူတွေက အများက သိတယ်၊ ဟုတ်ပါတယ်၊ အဲ့တော့ ကျော်ကြားတယ်လို့ဆိုပါတော့နော်၊ ဒါပေမယ့် ကျွန်မရဲ့အမြင်မှာ နာမည်မထွက်တဲ့ ကျွန်မတို့ရဲ့ ဒီမိုကရေစီဘက်တော်သားတွေဟာ အမြင့်မြတ်ဆုံးလို့ ကျွန်မမြင်ပါတယ်၊ ဘာနာမည်မှ မရဘဲနဲ့ ဘယ်သူကမှ ချီးမွမ်းတာကို မခံရ ဘဲနဲ့ ကိုယ့်ယုံကြည်ချက်အရ ကိုယ်တစ်စိုက်မတ်မတ်လုပ်နေတဲ့သူတွေထက် ပိုပြီးတော့ မြင့်မြတ်တဲ့ လူမျိုး မရှိနိုင်ဖူးလို့ ကျွန်မယုံကြည်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့တကယ် ဒီမိုကရေစီကိုလည်း ရအောင်လုပ်ချင်တယ် ကျွန်မတို့နိုင်ငံကိုလည်း အကျိုးပြုချင်တယ်ဆိုလို့ရှိရင် မြင့်မြတ်တဲ့ စိတ်ထားတွေနဲ့ ညီညီညွတ်ညွတ် ဆက်ပြီးတော့ လုပ်သွားကြပါလို့ ကျွန်မတိုက်တွန်းချင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်
ဇွန်လ (၁၉) ရက်နေ့၊ ၂၀၁၁ ခုနှစ်။

# မြန်မာနိုင်ငံကို ဦးတည်ခဲ့တဲ့ မြောက်ကိုရီးယားသင်္ဘော အမေရိကန်တားဆီး

**VOA ။ ဂျွန် ၁၃ ။** ။ခေတ်မီနည်းပညာသုံး ဒုံးလက်နက်တွေနဲ့ တခြား စစ်လက်နက်တွေ တင်ဆောင်လာတယ်လို့ သံသယဖြစ်ဖွယ် မြောက်ကိုရီးယားသင်္ဘောဟာ မြန်မာနိုင်ငံဘက်ကို ဦးတည်ခုတ်မောင်းလာတာကို အမေရိကန်ရေတပ်ဖျက်သင်္ဘောက တားဆီးခဲ့အပြီး အခုတော့ အရှေ့တောင်အာရှ အနီးနိုင်ငံတကာ ရေပိုင်နက်အတွင်းကနေ ပြီးခဲ့တဲ့ မေလကုန်ပိုင်းက မြောက်ကိုရီးယားဘက်ကို ပြန်လှည့်သွားခဲ့ပါပြီ။ မြန်မာ့စစ်ရေးလေ့လာသူတွေကတော့ မြန်မာအစိုးရအနေနဲ့လက်ရှိ တိုင်းရင်းသားလက်နက်ကိုင် တပ်တွေနဲ့တိုက်ပွဲတွေ ဖြစ်နေဆဲကာလမှာ ပြည်ပကနေ စစ်လက်နက်တွေ၊ နည်းပညာတွေ ဖြည့်တင်းဖို့ကြိုးစားနေတာဖြစ်နိုင်တယ်ဆိုပြီး သုံးသပ်နေကြပါတယ်။ အပြည့်အစုံကိုဆက်သွယ်မေးမြန်းထားတဲ့ မသီဂီထိုက်က တင်ပြထား ပါတယ်။

မစ်ဇိုင်း ဒုံးလက်နက် နည်းပညာဆိုင်ရာ ပစ္စည်းတွေ တင်ဆောင်လာပြီး မြန်မာနိုင်ငံဘက်ကို ဦးတည် ခုတ်မောင်းလာတယ်လို့ နိုင်ငံတကာက သံသယရှိနေကြတဲ့ မြောက်ကိုရီးယားသင်္ဘောကို ပြီးခဲ့တဲ့ မေလ ၂၆ ရက်နေ့က အမေရိကန်ရေတပ် ဖျက်သင်္ဘော မက်ကမ့်ပ်ဘဲလ် (McCampbell) က တားဆီးခဲ့တာပါ။ မြောက်ကိုရီးယား ဘက်ကတော့ ဒီသင်္ဘောကို တက်ရောက်စစ်ဆေးခွင့်ပြုဖို့ ငြင်းဆန်ခဲ့ပြီး နောက်ပိုင်းမှာ မြောက်ကိုရီးယားဘက်ကို ပြန်လှည့်သွားခဲ့တာ ဖြစ်ပါတယ်။ မြန် မာနိုင်ငံဘက်ကို မစ်ဇိုင်းဒုံး နည်းပညာဆိုင်ရာ ပစ္စည်းတွေ တင်ဆောင် လာတယ်လို့ သံသယရှိနေကြတဲ့ အပေါ်မှာတော့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုက သုတေသနမှူး ဦးဌေးအောင်က အခုလို သုံးသပ်ပါတယ်။

"မြောက်ကိုရီးယားကနေပြီး မြန်မာစစ်အစိုးရက လေကြောင်းရန်ကာကွယ်ရေးလက်နက်တွေနဲ့မြေပြင်ကမြေပြင်ပစ်ဒုံးကျည်တွေကို ဝယ်ယူနေတာတွေ့ရှိတယ်။ နောက်တခုက မြန်မာနိုင်ငံအတွင်းမှာ ဆောက်လုပ်ထားတဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံတွေမှာလည်း မြောက်ကိုရီးယားက ပညာရှင်တွေနဲ့ဒုံးလက်နက်တွေ စမ်းသပ်ထုတ်လုပ်နေတာတွေလည်းရှိတယ်။ အဲဒီတော့ အဲဒါတွေအတွက်အခု လက်နက်တင်ပို့တဲ့သင်္ဘောက အဲဒီစက်ရုံအတွက် ဒါမှမဟုတ် လက်နက်အစိတ်အပိုင်းတွေကို သယ်ဆောင်လာတဲ့သင်္ဘော ဖြစ်ဖို့များတယ်လို့ ကျနော်ထင်တယ်။

"၂၀၀၇ ခုနှစ်တုန်းကလည်း အလားတူပဲ ရန်ကုန်ဆိပ်ကမ်း၊ အထူးသဖြင့် သီလဝါဆိပ်ကမ်းကို မြောက်ကိုရီးယားက ကုန်သင်္ဘောတွေ ဆိုက်ကပ်ခဲ့တာရှိတယ်။ အဲဒီ ကုန်သင်္ဘောတွေပေါ်မှာလည်း လေကြောင်းရန်ကာကွယ်ရေး တပ်တွေအတွက် စစ်လက်နက်ပစ္စည်းတွေ သယ်လာတဲ့ အထောက်အထားတွေ ကျနော်တို့ ရထားတာရှိတယ်။"

တဘက်မှာလည်း အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂတို့က အရင်မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် ၁၉၈၈ ခုနှစ်ကတည်းကစပြီး မြန်မာနိုင်ငံကို လက်နက်တင်ပို့ရောင်းချမှုရပ်ဆိုင်းခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကစလို့ မြန်မာအစိုးရဟာတရုတ်၊ ဆားဘီးယား၊ ရုရှား၊ ယူကရိန်း၊ အိန္ဒိယတို့ ဆီက အဓိကလက်နက်ဝယ်ယူခဲ့ရပါတယ်။ ဒါပေမဲ့ ဒီနိုင်ငံကြီးတွေဆီက လက်နက်ဝယ်ယူဖို့မှာလည်း အကန့်အသတ်တွေကရှိနေတာကြောင့် မဟာဗျူဟာမြောက်လက်နက်တွေ ဝယ်ယူနိုင်ဖို့အတွက်က မြောက်ကိုရီးယားကို ပိုပြီး အားထားလာရတဲ့ အနေအထားမှာရှိနေတယ် လို့လည်း သူက ဆိုပါတယ်။

"တရုတ်တို့၊ ရုရှားတို့၊ အိန္ဒိယတို့ကျတော့ သူတို့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာလည်း အရေးပါတဲ့ အခန်းကဏ္ဍတွေမှာ တာဝန်ထမ်းဆောင်နေရတဲ့ နိုင်ငံကြီးတွေဖြစ်တယ်လေ။ အဲဒီအခါကြတော့ မြန်မာစစ်အစိုးရအနေနဲ့ တကယ့်ဗျူဟာမြောက်တဲ့ လက်နက်တွေကျတော့ သူတို့နိုင်ငံတွေက တင်ပို့ရောင်းချတဲ့နေရာမှာ အကန့်အသတ်တွေရှိတယ်။ မြောက်ကိုရီးယားကတော့ သူက ဘယ်လိုအကန့်အသတ်မျိုးမှ ဂရုစိုက်တာမဟုတ်ဘူး။ သူ့အနေနဲ့ ပိုက်ဆံရရင် ရောင်းမယ့်အနေအထားမျိုး ရှိတယ်။

"နောက်မြန်မာအစိုးရကလည်းသူ့အနေနဲ့ကလက်နက်တားဆီးပိတ်ဆို့မှုတွေ အနောက်နိုင်ငံတွေကလုပ်ထားတဲ့ အခါကြတော့ ရတဲ့နိုင်ငံတွေက သူကလည်း ဝယ်ဖို့ အဆင်သင့်ဖြစ်နေတာရှိတယ်။"

လတ်တလော အနေအထားက မြန်မာအစိုးရတပ်တွေနဲ့ အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်တပ် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ တိုက်ပွဲတွေဖြစ်ပွားနေတာအပြင် တခြားတိုင်းရင်းသားအဖွဲ့တွေနဲ့လည်း စစ်ရေးအရ တင်းမာမှုတွေရှိနေချိန်မှာ မြန်မာအစိုးရသစ်အနေနဲ့ စစ်လက်နက်တွေ စုဆောင်းလာတယ်ဆိုတဲ့ သတင်းတွေကြောင့် ပြည်တွင်းစစ်အရှိန် မြင့်မားလာနိုင်ချေကိုလည်း မြန်မာ့စစ်ရေးလေ့လာသူတွေက ပြောနေကြပါတယ်။

"အခုအချိန်မှာဆိုရင် မြန်မာပြည်ရဲ့ ပြည်တွင်းစစ်က တော်တော်ကျယ်ပြန့်လာမယ့် အနေအထားတွေက တွေ့နေရပြီဖြစ်တယ်။ အစတုန်းကတော့ ကရင်နယ်မြေမှာပဲ ရှိနေပေမဲ့ အခုဆိုရင် မြောက်ဘက်မှာရှိတဲ့ ရှမ်းတပ်တွေနဲ့ရော ကချင်တပ်တွေနဲ့ပါ တိုက်ပွဲတွေကပြင်းပြင်းထန်ထန်ဖြစ်လာပြီ။ နောက်ဆိုရင် မွန်တို့၊ ဝတို့နဲ့ပါဆက်တိုက်ပေါ့၊ မြန်မာပြည် တနံတလျားမှာ စစ်ပွဲကြီးတွေဖြစ်လာမယ့် အနေအထားဆိုတော့ မြန်မာအစိုးရအနေနဲ့ကတော့ ရတဲ့နိုင်ငံတွေဆီက လက်နက်တွေကို အခုချိန်မှာ ပိုပြီးတော့တောင် ဝယ်ယူမယ့် အနေအထားရှိတယ်လို့ ကျနော်ထင်တယ်။

"ဘာဖြစ်လို့လဲဆိုတော့ စစ်ပွဲတွေဖြစ်လာတဲ့ အချိန်မျိုးမှာ ဒီလက် နက်ကန့်သတ်မှုတွေ၊ တားမြစ်မှုတွေက ပိုပြီးတော့ ပေါ်လာနိုင်တဲ့ အ တွက်ကြောင့် အခုကတည်းက သူက လက်နက်တွေကိုရသမျှ ဝယ်ပြီးတော့ စုဆောင်းမယ့်သဘောမျိုးဖြစ်နိုင်တယ်လို့ ထင်ပါတယ်။"

မြန်မာအစိုးရသစ်ကတော့ တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးကို လမ်းဖွင့်ထားပါတယ်လို့ ပြောခဲ့တာပါ။ ဒီ့အပြင် မကြာခင်က အမေရိကန်အထက်လွှတ်တော်အမတ် John McCain ရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်းမှာလည်း မြန်မာနိုင်ငံဘက်က နျူကလီးယား

**စာမျက်နှာ ၄ သို့**

# မဲဆောက် မြန်မာပြည်သူများသို့ ဒေါ်စုမှ မွေးနေ့ နှုတ်ခွန်းဆက်စကားပြော

"မဲဆောက်မြို့မှာရောက်နေကျတဲ့ ကျွန်မတို့မြန်မာနိုင်ငံက ပြည်သူပြည်သားတွေနဲ့ ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားတွေရဲ့ မိတ်ဆွေတွေကို ကျွန်မနှုတ်ဆက်ပါတယ်။

ဒီလို ကိုယ့်တိုင်းပြည်ကို ပြစ်ပြီးတော့ တိုင်းတစ်ပါးမှာ သွားပြီးတော့နေရတယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ ကျွန်မတို့ရဲ့ ပြင်ပရောက်နေတဲ့ ပြည်သူလူထုတွေအားလုံးလုံးလုံးခြုံခြုံ အေးအေးဆေးဆေးနဲ့ ကျွန်မတို့နိုင်ငံကို ပြန်ရောက်လာနိုင်ဖို့အတွက် ဒီမိုကရေ စီလှုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေအားလုံးက ကြိုးစားနေကျတာဖြစ်ပါတယ်။ အခုလိုပြင်ပရောက်နေပေမဲ့လဲ ကိုယ့်တိုင်းပြည်ရဲ့အရေးကို ဆက်လက်လုပ်ဆောင်နေတဲ့အတွက်လဲ ကျွန်မအများကြီး ဂုဏ်ယူပါတယ်။

ကျွန်မရဲ့မွေးနေ့ကို သတိတရနဲ့ ဒီလိုစုဝေးကျတဲ့အတွက်လဲ ကျွန်မကျေးဇူးတင်ပါတယ်။ မွေးနေ့တွေကို ဖြတ်သန်းလာရတဲ့အခါ ကျွန်မတို့ရဲ့ အတိတ်ကို ပြန်ပြီးတော့ စဉ်းစားမိပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုအရေးဟာ အနှစ် (၂၀) ကျော်ခဲ့ပါပြီ။ ဒီအနှစ်(၂၀) ဟာ အချည်းနှီးမဟုတ်ပါဘူး ပင်ပင်ပန်းပန်းနဲ့ ဖြတ်သန်းခဲ့ရပေမဲ့ ဒီလိုပင်ပင်ပန်းပန်းနဲ့ ဖြတ်သန်းခဲ့ရလို့ကို ကျွန်မတို့ဟာ ဘဝသင်ခန်းစာတွေ အများကြီးရခဲ့ပါတယ်။

ဒီ ဘဝသင်ခန်းစာတွေနဲ့ ကျွန်မတို့နိုင်ငံဟာ နောင်နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ စစ်မှန်တဲ့ ခိုလှုံရာတစ်ခုဖြစ်ဖို့ ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်မတို့ နားလည်လာတာဖြစ်ပါတယ်။ အားလုံးတူတူကြိုးစားသွားမယ်ဆိုလို့ရှိရင် နောင်ကျွန်မ မွေးနေ့တွေမှာ ဒီလို ရေဒီယိုကနေတစ်ဆင့် မဲဆောက်မှာ ရောက်နေတဲ့ကျွန်မတို့ ပြည်သူပြည်သားတွေကို စကားပြောရမဲ့အစားအားလုံးကိုမြန်မာနိုင်ငံအတွင်းမှာစုစုစည်းစည်းနဲ့တွေ့ဆုံပြီးတော့ နှုတ်ဆက်ချင်ပါတယ်။ အဲဒီလို နှုတ်ဆက်နိုင်ဖို့လဲ ကျမတို့ ကြိုးစားပါမယ်။

အားလုံးကနေပြီးတော့ ကျွန်မတို့နဲ့ကြိုးစားပေးပါလို့၊ အားလုံးကနေ စိတ်ဓာတ်မကျကျပါနဲ့ ၊ ပြင်ပရောက်နေတဲ့သူတွေအားလုံးဟာလဲ ကျွန်မတို့ရဲ့ အင်အားတွေပါပဲ၊ ပြင်ပကိုရောက်နေပါလားဆိုပြီး အားမငယ်ပါနဲ့ နောက်ပြီးတော့လဲ ဒို့တစ်တွေကနေပြီးတော့ အင်မတန်မှဒုက္ခရောက်နေတဲ့သူတွေဆင်းရဲမှုနဲ့ရုန်းကန်နေရတဲ့သူတွေမို့လို့ဘာမှ ထိထိရောက်ရောက်လုပ်နိုင်စွမ်းမရှိဘူးဆိုတဲ့အတွေးမျိုးလဲမထားပါနဲ့။

လူတိုင်းလူတိုင်းဟာ တန်ဖိုးရှိသလို လူတိုင်းလူတိုင်းဟာ စိတ်အင်အား ကိုယ်အင်အားရှိကြပါတယ်၊ ကိုယ်ရှိတဲ့ အင်အားလေးတွေနဲ့ ကိုယ်တတ်နိုင်သမျှ ကျွန်မတို့ရဲ့လှုပ်ရှားမှုကို ကူညီမယ်ဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးကို ကူညီရာလဲ ရောက်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ပြီး ကူညီနိုင်ကြပါစေ၊ နောင်တစ်နေ့တစ်ခါမှာ မကြာတော့မဲ့ တစ်နေ့တစ်ခါမှာ ကျွန်မတို့အားလုံးတွေ့ဆုံနိုင်ကြပါစေလို့၊ ကျွန်မဆုတောင်းရင်းနဲ့ကျေးဇူးတင်ပါတယ်လို့ကျွန်မထပ်ပြီးတော့ပြောချင်ပါတယ်။

**စာမျက်နှာ ၃ မှ**

စမ်းသပ်မှုကို နိုင်ငံတကာရဲ့ သံသယတွေကြောင့် ရပ်ဆိုင်းလိုက်ပါပြီဆိုပြီး ပြောခဲ့ပါသေးတယ်။

ဒီလိုပြောကြားပြီး မကြာခင်မှာဘဲ မြောက်ကိုရီးယားဘက်ကနေ မစ်ဇိုင်း နည်းပညာဆိုင်ရာပစ္စည်းတွေ မြန်မာနိုင်ငံဘက် သယ်ယူလာတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်တုန်းကလည်း မြောက်ကိုရီးယားသင်္ဘောတစီး မြန်မာနိုင်ငံဘက်ကို ဦးတည်ခုတ်မောင်းလာတာမှာ လက်နက်တွေတင်ဆောင်လာတယ်လို့ နိုင်ငံတကာက သံသယရှိခဲ့ပြီး နောက်ပိုင်းမှာ နောက်ကြောင်း ပြန်လှည့်သွားခဲ့တဲ့ ဖြစ်ရပ်တခုရှိခဲ့ပါသေးတယ်။

# ရန်ကုန်တိုင်းမှာ လေဆင်နှာမောင်း တိုက်၍ ဈေးနှင့် နေအိမ်များ ပြိုကျပျက်စီး

**RFA ၊ ဂျွန် ၁၃ ။** ။ ရန်ကုန်တိုင်း သာကေတ မြို့နယ်မှာပြီးခဲ့တဲ့ သောကြာနေ့ ညနေ ၇ နာရီလောက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့တဲ့ အတွက် ရန်ပြေ ၃ ရပ်ကွက် အခွန်လွတ်ဈေး တခုလုံး ပြိုကျသွားပြီး နေအိမ်တဒါဇင်လောက် ပျက်စီးသွားတယ်လို့ သိရပါတယ်။

လေဆင်နှာမောင်းတွေဟာ ခါတိုင်း လယ်ကွင်းပြင်တွေမှာတိုက်ခတ်တာများပြီး သာကေတရပ်ကွက်တွေထဲ အခုလို ဝင်မွှေ့တာမျိုး မကြုံဖူးဘူးလို့ ပြောကြပါတယ်။ ပုစွန်တောင် ချောင်းနားမှာ လေပြင်းစတင် တိုက်ပြီး ရပ်ကွက် သုံးခုကို ခုန်ကျော်တိုက်သွားတာလို့ ဒေသခံတယောက်က ပြောပြပါတယ်။

"သာကေတ ပုစွန်တောင်ချောင်းပေါ့။ အဲဒီချောင်းဘေးကနေ ဒေါပုံဖက်ကိုတိုက်လာပြီးမှ ၃-၄ ရပ်ကွက်ကို ခုံကျော်ပြီးမှ ၃ရပ်ကွက်ကနေ ဟိုဖက် ၆ ရပ်ကွက်ကိုသွားကျတယ်။ အော်သံကြီး ဝုန်းဆိုကြားပြီးမှ၊ လူတွေက ဘာမှကိုမသိလိုက်ကြဘူး။ အိမ်တွေဘာတွေ ရွဲ့စောင်းပြီးမှ သွပ်ပြားတွေ ဘာတွေ ပါသွားတာပေါ့နော်။ သာကေတ ရန်ပြေ ၃ ရပ်ကွက် အခွန်လွတ်ဈေးတခုလုံးပြိုသွားတာပေါ့နော်။ ဒေါပုံဖက်မှာတော့ ကမ်းနားဘက်က အိမ်တွေလေးငါးဆယ်လုံးလောက်ပြိုသွားတယ်။ ၆ ရပ်ကွက်မှာ လမ်းနှစ်လမ်းလောက် ထပ်တိုက်သွားတာ။ အိမ်တချို့ ပြိုပြီး တိုက်နံရံတွေ ဘာတွေ ပွင့်သွားတာပေါ့။ "

သေဆုံးသူရှိတယ်လို့ မကြားရပေမယ့် ထိခိုက်ဒဏ်ရာရသူတွေရှိတယ်လို့ သိရပါတယ်။ ပြိုသွားတဲ့ အခွန်လွတ်ဈေးက အခိုင်အခန့်ဆောက်ထားတာ မဟုတ်ဘဲ ဓနိတိုင်တွေနဲ့ ဆောက်ထားတာဖြစ်ပြီး၊ ကမ်းနားဘက်က အိမ်တွေကလည်း သစ်သားတိုင်ထူ၊ ဓနိမိုးထားတဲ့ အိမ်တွေများတယ်လို့ ပြောပါတယ်။

၁၀ မိနစ်လောက် တိုက်ခတ်ပြီး အရှိန်ပျော့သွားတယ်လို့ ဆိုပါတယ်။ ရပ်ကွက်ထဲက အိမ်တွေကတော့ သွပ်မိုးတွေ ပွင့်သွားပြီး တချို့အိမ်တွေ ယိုင်စောင်းသွားတဲ့အပြင် ခြံစည်းရိုးတချို့လည်း လေဆင်နှာမောင်းနဲ့ လွင့်ပါသွားတယ်လို့ ပြောပါတယ်။

လေဆင်နှာမောင်း တိုက်သွားပြီးတဲ့နောက် ရပ်ကွက်တာဝန်ရှိသူတွေက အပျက်အစီးတွေကို လာကြည့်တာကလွဲလို့ တခြားအကူအညီပေးတာမတွေ့ရသေးဘူးလို့လည်း ပြောပါတယ်။

# မြန်မာ့လူမှု တရားမျှတရေး ILO ကူညီဖို့ဒေါ်အောင်ဆန်းစုကြည် ပန်ကြား

**VOA ၊ ဂျွန် ၁၃ ။** ။မြန်မာနိုင်ငံမှာအလုပ်သမားတွေရဲ့အခွင့်အရေးတွေရရှိဖို့နဲ့ လူမှုရေး တရားမျှတမှုတွေ ပေါ်ပေါက်လာအောင် ကူညီဆောင်ရွက်ပေးဖို့ ILO နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်ကြီးကို မြန်မာ့ဒီကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။

မြန်မာပြည်တွင်းမှာ လွတ်လပ်တဲ့ အလုပ်သမားသမဂ္ဂတွေ ဖွဲ့စည်းတည်ထောင်ခွင့်ရဖို့ လိုအပ်သလို မြန်မာအလုပ်သမားတွေအနေနဲ့လည်း နိုင်ငံတကာ အဆင့်အတန်းနဲ့အညီ အခွင့်အရေးနဲ့အလုပ်လုပ်ကိုင်ခွင့်တွေရဖို့ လိုအပ်တဲ့အကြောင်း ILO အလုပ်သမားအဖွဲ့ချုပ်ကြီးရဲ့ အကြိမ် ၁၀၀ မြောက်ညီလာခံကို ဒီနေ့ တနင်္လာနေ့ ပေးပို့တဲ့ ဗွီဒီယိုမိန့်ခွန်းမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွားပါတယ်။

တခါက အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး နိုင်ငံတခုအဖြစ် သတ်မှတ်ခံခဲ့ရတဲ့ မြန်မာနိုင်ငံဟာ အခုဆိုရင် ဒေသတွင်းမှာ နောက်အကျဆုံး တိုင်းပြည်တခု ဖြစ်နေတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေ အားလုံး တခုနဲ့တခု ဆက်နွယ်နေတယ်ဆိုတာကို ILO မြန်မာနိုင်ငံအတွင်းတာဝန်ယူ ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတာဝန်တွေက မီးမောင်းထိုးပြနေတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေး ခိုင်းစေမှုတွေ ပပျောက်ရေးကြိုးပမ်းရင်း ကလေးစစ်သား စုဆောင်းတာတွေအပြင် ဥပဒေစိုးမိုး ရေး၊ နိုင်ငံရေးအကျဉ်းသားတွေအရေးနဲ့ လွတ်လပ်စွာ အသင်းအပင်း တည်ထောင်ခွင့်ရရေးကိစ္စတွေကို ILO အနေနဲ့ မလွဲသာ မရှောင်တာ ပါဝင်ဆောင်ရွက်လာရတဲ့ အကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်း ပြောဆိုသွားပါတယ်။

တိုင်းပြည်တပြည်ရဲ့ တိုးတက်မှုဟာ အလုပ်သမားတွေရဲ့အခွင့်အရေးအပြည့်အဝရရှိမှုအပေါ်မှာ မူတည်တဲ့အကြောင်းနဲ့ ILO မျှော်မှန်းယုံကြည်တဲ့အတိုင်း နိုင်ငံအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဘယ်တိုင်းပြည်မဆိုနောက်ကျကျန်မနေဖို့လိုတဲ့အကြောင်း၊ဒါကြောင့်လည်း မြန်မာနိုင်ငံ ကမ္ဘာ့အလယ်မှာ နောက်ကျ ကျန်မနေအောင် ဝိုင်းဝန်းကူညီပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က အလေးအနက်မေတ္တာ ရပ်ခံသွားပါတယ်။

ရေရှည်တည်တန့်တဲ့ ငြိမ်းချမ်းရေးကိုရဖို့ လူမှုရေး တရားမျှတမှုကိုအခြေခံပြီး တည်ဆောက်ရမယ်ဆိုတဲ့ ILO ရဲ့ မူလ ကြေညာချက်နဲ့ ရပ်တည်ချက်ပါ အချက်တွေအတိုင်း အကောင်အထည် ဖော်နိုင်အောင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတွေအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွားပါတယ်။

# အစိုးရသတင်းစာရှင်းလင်းပွဲ ကန့်သက်ချက်များကြားကသာ သတင်းယူခွင့်ရမည်

**DVB ၊ ဂျွန် ၁၃ ။** ။ ဒီလ ၁၄ ရက်နေ့မှာပြုလုပ်မယ့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့၊ တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်တွေအနေနဲ့ ကန့်သက်ချက်တွေကြားကပဲ သတင်းယူခွင့်ရရှိမှာဖြစ်ပါတယ်။

သတင်းစာရှင်းလင်းပွဲကို တက်ရောက်သတင်းယူမယ့် သတင်းဂျာနယ်တွေက သတင်းထောက်တွေအနေနဲ့ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်အမှတ်၊ ကင်မရာအမျိုးအစား၊ ဟန်းဖုန်းအမျိုးအစား၊ အသံဖမ်းစက်အမျိုးအစားတွေက အစအစိုးရအဖွဲ့ကို မေးမြန်းမယ့်မေးခွန်းတွေကိုပါ ဂျာနယ်အယ်ဒီတာချုပ်တွေရဲ့ခွင့်ပြုချက်လက်မှတ်နဲ့ စာပေစိစစ်ရေးကို ဒီကနေ့ ဇွန်လ ၁၃ ရက်နေ့ နောက်ဆုံးထားပေးပို့ခဲ့ကြရတာ ဖစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သတင်းစာရှင်းလင်းပွဲကို ပြီးခဲ့တဲ့ မေလ ၁၀ ရက်နေ့ကတကြိမ်၊ မေလ ၁၇ ရက်နေ့မှာတကြိမ်ကျင်းပခဲ့ပြီး သတင်းစာရှင်းလင်းပွဲရဲ့ရုပ်သံမှတ်တမ်းကို ဗီဗွီဘီကထုတ်လွှင့်ခဲ့တယ်ဆိုတဲ့အကြောင်းပြချက်နဲ့သတင်းစာရှင်းလင်းပွဲတွေကိုရပ်နားခဲ့အပြီး အခုလိုကန့်သက်ချက်တွေနဲ့ ပြန်လည်ပြုလုပ်လာတာဖြစ်ပါတယ်။

ဒီလိုကန့်သက်ချက်တွေကြောင့် မီဒီယာသမားတွေကို အဆင်မပြေ ဖြစ်စေတယ်လို့ သတင်းဂျာနယ် အယ်ဒီတာတဦးက ဆိုပါတယ်။

“သူတို့တကယ် သတင်းမထုတ်ပြန်ချင်တဲ့ ကိစ္စမျိုးကို မေးတဲ့အခါမှာ သူတို့က ပြောရဆိုရ မေးမြန်းခံရတာ အခက်အခဲရှိတယ်။ အခက်အခဲရှိတော့ တဖက်ကလည်း သူတို့က မီဒီယာသမားတွေကို တွေ့တယ်ဆိုတာလည်း သူတို့က လုပ်ချင်တယ်၊ တဖက်ကလည်း လိုက်မေးတာတွေက ပြဿနာရှိတယ်။ နောက်တခုက ဒီမီဒီယာတွေ့ဆုံပွဲကနေ ပြည်ပမီဒီယာတွေကို အကြောင်းအမျိုးမျိုးကြောင့်ရောက်သွားနိုင်တဲ့ပုံစံမျိုးတွေလည်းရှိတယ်၊ ဒါကြောင့်မို့လို့ သူတို့က ဗွီဒီယို ကင်မရာတွေယူလာတမျိုး ခွင့်မပြုတာတို့၊ နောက်တခုက မေးခွန်းတွေကို ကြိုတင်ထားရတာမျိုးတို့၊ အဲဒါမျိုးအကန့်အသတ်တွေဖြစ်လာတာပေါ့။ အဲလိုကန့်သတ်လာတော့ ပြောရရင် သိပ်တော့အဆင်မပြေဘူးပေါ့ မီဒီယာသမားတွေအတွက်ကတော့”။

ဒါ့အပြင် အစိုးရအဖွဲ့အနေနဲ့ သတင်းမီဒီယာတွေကို အသုံးချသလိုမဖြစ်ဖို့ကိုလည်း အယ်ဒီတာက အခုလိုထောက်ပြပါတယ်။

“အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ တွေ့တဲ့အခါမှာ တကယ့်ပြဿနာမျိုးတွေကို ပြည်သူလူထုကို ရှင်းရှင်းလင်းလင်း သိသွားအောင်လို့သာ မေးပေးရမယ့်တာဝန်က မီဒီယာသမားတွေရဲ့တာဝန်လေ။ ဒီတာဝန်တွေကိုမီဒီယာသမားတွေ လုပ်ချင်ပေမယ့်လည်း တဖက်က သူတို့ဘက်က လည်း ပွင့်ပွင့်လင်းလင်းမပြောနိုင်တဲ့ကိစ္စတွေ ရှိနေပြီးတော့ သူတို့ပြောချင်တာလေးတခု ပြောဖို့အတွက် မီဒီယာသမားကို အသုံးချတာမျိုး မဖြစ်စေချင်ဘူးပေါ့။ ပုံမှန်အားဖြင့် မီဒီယာသမားတွေကလည်း သိချင်တာကို မေးခွင့်ရှိရမယ်။ သူတို့ကလည်းသူတို့ပြောချင်တာကို မီဒီယာသမားတွေကို ပြောရမယ်။ အပြန်အလှန်တော့ ဖြစ်ရမယ်။ ကိုယ်ပြောချင်တာတခုတည်းကို မီဒီယာသမားတွေကို ခေါ်ပြောတဲ့ကိစ္စတော့ မကောင်းဘူးပေါ့။ အသုံးချသလို ဖြစ်တယ်လို့ စိတ်ထဲမှာခံစားရတယ်”။

သတင်းစာရှင်းလင်းပွဲကို တက်ရောက်မယ့် အခြားအယ်ဒီတာတဦးကတော့ သတင်းမီဒီယာသမားတွေတင်မက အစိုးရအဖွဲ့ဝင်တွေနဲ့ လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ခံထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါတက်ရောက်ပြီး ၃ ပွင့်ဆိုင် မေးမြန်း ဖြေကြားတာမျိုးပိုဖြစ်သင့်သလို အခြားပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးက အစိုးရအဖွဲ့တွေအနေနဲ့လည်း အလားတူ သတင်းစာရှင်းလင်းပွဲမျိုးတွေ လိုက်လုပ်ဖို့တယ်လို့လည်း အကြံပြုပြောဆိုထားပါတယ်။ မနက်ဖြန်မှာ လုပ်မယ့် ရန်ကုန်တိုင်းဒေသကြီးအစိုးရသတင်းစာရှင်းလင်းပွဲမှာ သတင်းမီဒီယာသမားတွေ ဘယ်လောက်အထိ လွတ်လွတ်လပ်လပ်မေးမြန်းခွင့် ရရှိမယ်ဆိုတာတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# စု ၆၆ သို့

## ဦးဝင်းတင်ရဲ့ အမှတ်တရစကား

**မိုးမခအင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

ဒီနေ့ဟာ ဒေါ်စုရဲ့ ၆၆ နှစ်မြောက် မွေးနေ့ဖြစ်တယ်။ ဒီနေ့ဟာ ထူးခြားတဲ့နေ့လို့ပြောလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ သည်လိုမွေးနေ့မျိုးကြုံခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်တွေ၊ ၁၉၈၈ တုန်းက သူ့မွေးနေ့တွေ ကိုယ်တိုင်ရှိနေပြီး မလုပ်ခဲ့ဘူး။ နောက်ပိုင်းမှာ လုပ်ပြန်တော့လည်းလူတွေကမစုံဘူး။ ထောင်ကျတဲ့သူတွေက ထောင်ကျနေတာတွေရှိတယ်။ အဲဒီနောက်ပိုင်းမှာလည်း ဒေါ်စုကိုယ်တိုင်က အချုပ်နှောင်ခံနေရပြန်တော့လည်း မွေးနေ့တွေဟာ သိုက်သိုက်ဝန်းဝန်းမဖြစ်ခဲ့ဘူး။ မွေးနေ့တွေဟာ ဒီတခါလို ဘယ်တုန်းကမှ အဆင်ပြေတာမဖြစ်ခဲ့ဘူး။ ၆၆ နှစ်မြောက်မွေးနေ့မှာ ဒေါ်စုကိုယ်တိုင်ကလည်း အပြင်မှာလွတ်နေတယ်။ နောက်ပြီးတော့လည်း ဦးတင်ဦးတို့လို လုပ်ဖော်ကိုင်ဖက်တွေကလည်း အပြင်မှာရှိနေကြတဲ့အတွက် ဒီမွေးနေ့ပွဲဟာ ထူးခြားတယ်၊ အရေးကြီးတယ်လို့ ပြောလို့ရတယ်။

ပတ်ဝန်းကျင် ရပ်နီးရပ်ဝေးကို ကြည့်လိုက်ပြန်တော့လည်း အနုပညာသည်တွေ၊ မိတ်ဆွေတွေ၊ ရဲဘော်တွေ၊ အဖွဲ့အစည်းတွေ အားလုံးကလည်း အကုန်ဝန်းရံပြီး ကျင်းပကြတာဖြစ်လို့ ဒါကလည်းအရေးကြီးတဲ့အချက်တခု အနေနဲ့ ပြောချင်တယ်။

နောက်အရေးကြီးတဲ့ အချက်ကတော့ အခုအချိန်မှာ ဒေါ်စုရဲ့အသက်က ၆၆ နှစ်ရှိပြီဆိုတော့ အသက်က ငယ်ရွယ်တဲ့အသက်မဟုတ်တော့ဘူး။ ၆၆ နှစ်ဆိုတဲ့အရွယ်မှာ ဒေါ်စုရဲ့ နိုင်ငံရေးသြဇာအရှိန်အဝါဟာ အမြင့်ဆုံးကိုရောက်တယ်လို့ ပြောရမှာဖြစ်တယ်။ ၆၆ နှစ်ရောက်နေတဲ့ ဒေါ်စုရဲ့နိုင်ငံရေး သြဇာ၊ အရှိန်အဝါနဲ့ နိုင်ငံရေးသိက္ခာဟာ အလွန်ကိုကြီးမားတဲ့အချိန်ကို ရောက်နေတယ်လို့ ပြောလို့ရတယ်။ ဒေါ်စုအနေနဲ့သာမက အင်န်အယ်ဒီပါတီအတွက်ပါ ဒီနေ့လိုနိုင်ငံရေးအခြေအနေ၊ အချိန်အခါမျိုးအမြင့်မားဆုံး မရှိခဲ့ဖူးဘူးလို့ ပြောလို့ရတယ်။

နောက်တချက်ပြောချင်တာကတော့ ဒေါ်စုရဲ့နိုင်ငံရေးမူဝါဒတွေ၊ နိုင်ငံရေးအစီအစဉ်တွေဟာ ခုချိန်မှာ အတိအကျကိုချမှတ်ပြီးသားဆိုတဲ့ အနေအထားမှာရှိနေပြီဖြစ်တယ်။ ခိုင်ခိုင်မာမာကို ချမှတ်ထားပြီးသားဖြစ်တယ်လို့ ပြောလို့ရတယ်။ အရင်တုန်းကလို နိုင်ငံရေးမူဝါဒတွေ အစီအစဉ်တွေဟာ အမျိုးမျိုးပြောင်းလဲနေရတဲ့ အခြေအနေမျိုးတွေ မဟုတ်တော့ဘူး။ ဘာတွေလဲဆိုတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့လမ်းစဉ်ကို ခိုင်ခိုင်မာမာကိုင်စွဲတာဖြစ်တယ်။ ဒါကို အကောင်အထည်ဖော်ကြတဲ့နေရာမှာလည်း အကြမ်းဖက်တဲ့နည်းကို မကျင့်သုံးဘူး၊ ငြိမ်းချမ်းတဲ့နည်းကို ကျင့်သုံးမယ်ဆိုပြီးချမှတ်ထားတာဖြစ်တယ်။

အကြမ်းဖက်နည်းကို ကျင့်သုံးမယ်ဆိုရင် တမျိုးသားလုံးမှာ ခေတ် အဆက်ဆက် ထိခိုက်ကျဆုံးမှုတွေ အမြဲဖြစ်နေတော့မယ်။ ဒါကြောင့် နိုင်ငံရေးလမ်းစဉ်မှာ ငြိမ်းချမ်းတဲ့နည်းနဲ့ပဲတောင်းဆိုသွားမယ်လို့ ခိုင်ခိုင်မာမာချမှတ်ထားတာဖြစ်တယ်။

အခုအချိန်မှာ ပြောချင်တာတခုကတော့ ဒေါ်စုရဲ့ စည်းရုံးရေးစွမ်းရည်ဖြစ်တယ်။ ခုချိန်မှာ စည်းရုံးရေး အင်အားတွေ အများကြီးတိုးလာတယ်။ ဘာလဲဆိုတော့ ကွန်ယက်တွေ ဖြစ်ပေါ်လာတာဖြစ်တယ်။ ကွန်ယက်ဆိုတာက အင်န်အယ်ဒီမဟုတ်ဘူး၊ အင်န်အယ်ဒီကဦးဆောင်တာလည်းမဟုတ်ဘူး။ လူထုဟာ သူ့ဖာသာသူ လုပ်ငန်းစဉ်အလိုက်နိုင်ငံရေးအလိုက် စုစည်းပြီး လှုပ်ရှားလာခြင်းဖြစ်တယ်။ လူထုတွေထဲမှာ လူငယ်တွေက အများကြီးသဘောပေါက်ပြီးတော့ လှုပ်ရှားလာကြတာကိုတွေ့ရတယ်။ ပြီးတော့ ဒေါ်စုရဲ့စည်းရုံးရေးအားဟာ ဒီကွန်ယက်တွေကို သီးခြားဆီ တကွဲတပြား ဖြစ်မသွားစေဘဲနဲ့ ဒေါ်စုနဲ့အန်အယ်ဒီအစုအဖွဲ့တွေနဲ့လည်း ချိတ်ဆက်လက်တွဲဆောင်ရွက်တာတွေလည်း ဖြစ်ပေါ်လာတယ်။ ဒီလိုမျိုးစည်းရုံးရေးအားကလည်း ဘယ်တုန်းကမှမကြုံဖူးတဲ့ အနေအထားနဲ့အမြင့်ဆုံးကို ရောက်လာတယ်လို့ပြောလို့ရတယ်။

ဒါကြောင့်မို့လို့ ဒေါ်စုရဲ့ ၆၆ နှစ်မြောက်ကာလမှာ ဒီအချက်တွေဟာ ထူးခြားတဲ့ကာလ၊ အရေးကြီးတဲ့ကာလနဲ့ အခြေအနေ၊ အရှိန်သြဇာတွေဖြစ်တယ်လို့ ကျနော်ကတော့ ပြောချင်ပါ တယ်။

ဒါကြောင့်မို့လို့ ဒီမွေးနေ့ကနေ ဆက်ပြီးတော့ စည်းရုံးရေး အင်အားတွေ၊ နိုင်ငံရေးအင်အားတွေကို ဒေါ်စုဟာ ညှိနှိုင်းရယူပြီးတော့၊အရှိန်တွေမြှင့်တင်သွားပြီးတော့ နောက်လာမယ့် ရှေ့ ၂ နှစ် ၃ နှစ်အတွင်းမှာ နိုင်ငံရေးလုပ်ငန်းစဉ်တွေ၊ အကျိုးသက်ရောက်မှုတွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ကျနော်တို့ပြောလို့ရတယ်။

ဘာကြောင့်လဲဆိုတော့ နောက် ၃၊ ၄ နှစ်မှာ ဒေါ်စုဟာ ၇၀ ပိုင်းရောက်ပြီ။ အခုဆိုရင်တောင် ၆၆ နှစ်ဆိုတဲ့ အရွယ်ဟာ မြန်မာပြည်မှာဆိုရင် အဖွားကြီးအရွယ်ပဲ။ ဒီအရွယ်တွေကို ဒေါ်စုဟာ ဖြတ်သန်းရတော့မယ်။ ဒါကို ဖြတ်သန်းပြီးတော့ ဒေါ်စုဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်လို့၊ လူထုစည်းရုံးရေးနဲ့ပတ်သက်လို့ အဖက်ဖက်ကခေါင်းဆောင်တွေနဲ့ စည်းလုံးညီညွတ်ရေး တည်ဆောက်တာနဲ့ ပတ်သက်လို့ ဒေါ်စုဟာ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ဒေါ်စုရဲ့ အရေးပါမှု၊ နိုင်ငံရေးအောင်မြင်မှုဟာ အကြီးဆုံးဖြစ်လိမ့်မယ်လို့ယူဆပါတယ်။

နောင်လာမယ့် ၃၊ ၄ နှစ်အတွင်းမှာ မြန်မာပြည်တဝှမ်းလုံး၊ တမျိုးသားလုံးအတွက် ဒေါ်စုက လူထုအားလုံးနဲ့လက်တွဲပြီး ငြိမ်းချမ်းရေး၊ သင့်မြတ်ရေး၊ စည်းလုံးရေးကို အောင်မြင်အောင်လုပ်ဆောင်နိုင်လိမ့်မယ်လို့ ကျနော်တို့က ယုံကြည်တယ်။

နောက် ဆန္ဒပြုချက်ကတော့ ဒေါ်စုဟာ ကျန်းကျန်းမာမာနဲ့ ဦးဆောင်မှုပေးနိုင်ပါစေ၊စည်းရုံးညီညွတ်မှုအားကိုအကောင်အထည်ဖော်နိုင်ပါစေ၊ လက်ရှိခေါင်းဆောင်တွေ၊ ပါတီခေါင်း ဆောင်၊ပြည်သူခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ လူငယ်ခေါင်းဆောင်တွေနဲ့ လက်တွဲပြီး ဆက်စပ်ညှိနှိုင်းပြီးတော့ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေလို့ ကျနော့်အနေနဲ့ ဆန္ဒပြုလိုက်ပါတယ်။

✡✡✡✡✡

# ကချင်တပ်မတော်နှင့် ဦးသိန်းစိန်စစ်တပ်တို့ တိုက်ပွဲ အပြင်းအထန်ဖြစ်ပွား

**VOA । ၁၅ ။** ။ တင်းမာမှုတွေ ဆက်လက်ဖြစ်ပွားနေတဲ့ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ မြန်မာစစ်တပ်တို့ကြား နှစ်ဘက်တိုက်ပွဲတွေ မရပ်မနားဖြစ်နေကြဆဲဖြစ်ပါတယ်။ KIAတပ်တွေချထားတဲ့နေရာတချို့မှာ တိုက်ခိုက်နေကြဆဲဖြစ်ပါတယ်။ KIA ဘက်ကလည်း အစိုးရတပ်တွေကို အဟန့်အတားဖြစ်စေဖို့ လမ်းတံတားဖျက်ဆီးမှုတွေ လုပ်နေဆဲ ဖြစ်ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နုးပန်က တင်ပြပေးထားပါတယ်။

နောက်ဆုံးအချိန်ထိ ကချင်လွတ်လပ်ရေးတပ်ဖွဲ့ KIA နဲ့ မြန်မာအစိုးရတပ်တို့ အခြေအနေ ပြင်းထန်နေဆဲဖြစ်ပြီး မနေ့ညမှာတော့KIA တပ်ချထားတဲ့နေရာ မိုးမောက်၊ ဗန်းမော်၊ မန်စီမြို့တွေမှာ တိုက်ပွဲဖြစ်ပွားခဲ့ရာမှာ အကျအဆုံးရှိခဲ့တယ်လို့ KIO ဌာနချုပ်ဒေသခံတယောက်က အခုလို ပြောပါတယ်။

"ဗန်းမော်တိုက်တွေမှာလည်းဖြစ်တယ်၊ ကျန်တဲ့နေရာတွေမှာလည်း ဖြစ်တယ်လို့ကြားပါတယ်။ ဒီ ဗန်းမော်၊ မန်စီဒေသမှာလည်း ဖြစ်တယ်။ ပြီးတော့ သူတို့တက်လာတဲ့ ယာဉ်တန်းတွေနဲ့လည်း ဖြစ်တယ်။ အဲဒီယာဉ်တန်းက ကား ၁ စီး တစီစီ ဖြစ်သွားတယ်လို့ ကြားထားပါတယ်၊ အစိုးရဘက်က။ အဲဒီမှာ လူ ၆ ယောက် ဒဏ်ရာရတယ်။ သေသွားတဲ့လူ ၂ ယောက်လောက် ရှိတယ်လို့ ကြားပါတယ်။ ပြီးတော့ မန်စီမှာ ဖြစ်တုန်းကတော့ ၁၂ ယောက်လောက် ဒဏ်ရာရပြီးတော့ ၂ ယောက် သေတယ်လို့လည်း ကြားထားပါတယ်။ လိုင်ဇာ အနီးတိုက်မှာတော့ သေနတ်သံ မကြားရသေးပါဘူး။"

အခုလို တိုက်ပွဲတွေဖြစ်ပွားနေတဲ့ နေရာတွေမှာလည်း မြန်မာတပ်တွေဘက်ကနေ သင်္ဘောနဲ့ကားနဲ့ စစ်အင်အားတွေ ဖြည့်နေဆဲဖြစ်တဲ့အတွက် KIA တပ်တွေဘက်က အဟန့်အတားဖြစ်အောင် အဆက်အသွယ်ဖြတ်တဲ့နည်းနဲ့ တံတားတွေ ချိုးဖောက်နေဆဲဖြစ်တယ်လို့လည်းပြောပါတယ်။ မနေ့ညမှာလည်း ကချင်ပြည်နယ်အနောက်ဘက် KIA တပ်မဟာ ၂ နယ်မြေအတွင်း လီဒိုလမ်းမပိုင်းတနေရာမှာတော့ ယုဇနကုမ္ပဏီတည်ဆောက်ထားတဲ့ တံတား ၂ စင်းကို KIA တပ်ရင်း ၁၄ က ဖောက်ခွဲ ဖျက်ဆီးလိုက်တယ်လို့လည်း သိရပါတယ်။

KIA အနေနဲ့အခုလို မြန်မာစစ်တပ်တွေကနေ KIA တပ်နားကို စစ်အင်အားတွေ ဆက်တိုက်ဖြည့်နေတဲ့အပေါ်မှာ လမ်းပန်းဆက်သွယ်ရေးပျက်အောင် ပြုလုပ်ခြင်းဖြစ်တယ်လို့လည်း ဒေသခံကဆက်ပြောပါတယ်။

"တံတားဖောက်ခွဲတာက မိုးကောင်းဘက်မှာ တချက်၊ နမ္မတီးဘက်မှာ တချက်၊ မြစ်ကြီးနား လိုင်ဇာလမ်း တချက်၊ ဗန်းမော် ကိုင်ထိတ်ဆင်လွမ်ဘွမ် လွယ်ဂျယ်လမ်း အဲဒီလမ်းတွေ၊ ပြီးတော့ မူဆယ်နဲ့နမ့်ဖတ်ကာကြားက မုန်းပေါ်တံတား၊ အဲဒါတွေပြောရမယ်ဆိုရင် ၆ စင်း၊ ၇ စင်းလောက်တော့ရှိနေပါပြီ။ ဘာကြောင့်ဆိုရင် ဒီတံတားတွေမဖျက်လိုက်ရင်လည်းမလွယ်ဘူး။ သူတို့အတွက် ရိက္ခာတွေ၊ စစ်အသုံး အဆောင်ပစ္စည်းတွေ အဲဒီကနေ လွယ်လွယ်ကူကူ ပို့ပေးနိုင်တာပေါ့။"

နောက်ပြီး ဖားကန့်ဒေသ ဝေခါလမ်း၊ ဟိုပင် နမ်မွန်ကြားက တံတား ၂ စင်းကိုတော့ KIA တပ်ရင်း ၂၆ က ဖျက်ဆီးလိုက်ခြင်းဖြစ်တယ်လို့ သိရပါတယ်။ KIA တပ်မဟာ ၂ အရာရှိတွေကလည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး အတည်ပြုပြောခဲ့ပါတယ်။ အခုချိန်မှာ မြစ်ကြီးနားမြို့တိုက်မှာလည်း မြန်မာစစ်တပ်ရဲ့ အမြောက်ကားတွေနဲ့စစ်ကားတွေဟာ အဆက်မပြတ်ပို့နေတာတွေ့ရပြီး မြစ်ကြီးနားမြို့ တိုက်မှာလည်း ရဲတွေနဲ့ယာဉ်ထိန်းရဲတွေက သေနတ်တွေ ကိုင်ဆောင်ပြီး လုံခြုံရေးတွေနေရာယူထားတယ်လို့လည်း ဒေသခံကအခုလိုပြောပါတယ်။

"မြစ်ကြီးနားမြို့တိုက်မှာအစိုးရအဆောက်အဦးတွေမှာလည်း လုံခြုံရေး ချထားတယ်။ ဝန်ကြီးချုပ်အိမ်ရာ၊ ဝန်ကြီးချုပ်နေတဲ့ အိမ်ဘက်ပေါ့နော်၊ သံဆူးကြိုးတွေနဲ့ ရဲတွေလည်း သေနတ်အကောင်းစားတွေနဲ့ အစောင့်တွေ အပြည့်အစုံ လုံခြုံရေးချထားတာတွေ့ရှိရတယ်။"

မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ရဲ့ တဘက်ကမ်းက ဒေသခံအမျိုးသားတွေကိုလည်း မြန်မာစစ်တပ်က ခြိမ်းခြောက်ပြီး မောင်းထုတ်နေတဲ့အတွက် ဒေသခံ အမျိုးသားတွေက မြစ်ကြီးနားဘက်ကို ရှောင်ပြေးလာကြတယ်လို့လည်း ပြောပါတယ်။ ရှမ်းပြည်နယ် တပ်မဟာ ၄ ကွတ်ခိုင်ဘက်မှာလည်း တိုက်ပွဲငယ်တွေဖြစ်ပွားနေပြီး တပ်မဟာ ၁ နဲ့ ၂ ဘက်မှာလည်း ဆက်လက်ပြီး တင်းမာနေဆဲဖြစ်တယ်လို့သိရပါတယ်။ ရှမ်းပြည်မြောက်ပိုင်းနမ့်ခမ်းဘက်မှာလည်း မြန်မာစစ်တပ်တွေက တပ်ရင်းချပြီး နေရာယူထားတဲ့အတွက် ဒေသခံတွေက စိုးရိမ်ကြောက်လန့်နေတယ်လို့ အခုလိုပြော ပါတယ်။

"နမ့်ခမ်းနဲ့ ဗန်းမော်ကြားက နယ်စပ်ဒေသမှာ အရင်တုန်းကရှမ်းလူမျိုးတွေရဲ့ လယ်ကွက်တွေရှိတယ်၊ အခုလောလောလတ်လတ်လည်း လယ်ကွက်တွေရှိတယ်၊ အဲဒီနားမှာ မြန်မာစစ်သားတွေ တပ်စွဲထားတယ်။ အရင်တုန်းက အဲဒီမှာ စစ်တပ်ဆိုတာမရှိဘူးပေါ့။ အခုလောလော လတ်လတ်အနေနဲ့ တပ်စွဲထားတဲ့အနေအထားမှာရှိတယ်။

"နောက်ပြီး ဧည့်စာရင်းတွေ လိုက်စစ်နေတယ်လို့ ကြားတယ်။ ကချင်အိမ်တွေပဲ လိုက်စစ်နေတယ်လို့ကြားတယ်။ အဲဒါကြောင့် လူငယ်တွေ ထွက်ပြေးတိမ်းရှောင်ချင်တာ ဘယ်ဘက်ထွက်ပြေး ရမှန်းမသိဖြစ်နေတယ်။ တောင်ပေါ်ဘက်ထွက်ပြေးရင်လည်း ဗမာစစ်သားတွေ တောင်ပေါ်တွေမှာ အကုန်လုံးနေရာယူထားတဲ့ အတွက်ကြောင့်မို့လို့ ဘယ်ဘက်သွားရမှန်းမသိ အဲဒီမှာ နေရာပျောက်နေတယ်။ အဲဒီလို အနေအထားမှာ ရောက်နေတယ်။"

အခုလို စစ်ပွဲတွေ ဆက်တိုက် ဖြစ်ပွားနေတဲ့အတွက် ဒေသခံတွေ အိုးအိမ်စွန့်ပြီး တရုတ်နယ်စပ်ဘက်ကို ထွက်ပြေးလာတဲ့ လူဦးရေ ၁၀,၀၀၀ ကျော် ရှိနေပြီလို့လည်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အရပ်ဘက် အုပ်ချုပ်ရေးအရာရှိ ဦးဒွဲပီဆာကလည်း ပြောပါတယ်။ အခုလို အခြေအနေတွေ ပိုမိုပြင်းထန်လာတဲ့ အချိန်မှာ တဘက်မှာလည်း KIA က မြန်မာစစ်အစိုးရတပ်နဲ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖို့လည်း အဆင်သင့် ဖြစ်တယ်လို့ ပြောပါတယ်။

မနေ့က KIA အနေနဲ့ ကြေညာချက် ထုတ်ပြန်တဲ့ နေရာမှာလည်း ဘုံရန်သူအဖြစ် မြန်မာ့တပ်မတော်ကို တိုက်ခိုက်ဖို့အတွက် ပူးပေါင်းဖို့ ဆန္ဒရှိတဲ့ သူတွေကို ကြိုဆိုလျက်ရှိနေကြောင်း ကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ ကချင်ပြည်သူလူထုတွေကြားမှာတော့အခုလိုတိုက်ပွဲဖြစ်နေတဲ့အချိန်မှာမိမိရဲ့ အိုးအိမ်နေရာကိုစွန့်ခွာပြီးလုံခြုံတဲ့နေရာတွေဆီ ထွက်ပြေးတိမ်းရှောင်ဖို့ ပြင်ဆင်နေကြပါတယ်။

# ပြည်တွင်းစစ်ဖြစ်လာနိုင်တဲ့ အန္တရာယ် ဦးသိန်းစိန်အစိုးရကို KIO သတိပေး

**VOA ၊ ဂျွန် ၁၄ ။** ။ ၁၆ နှစ်တာ အပစ်အခတ် ရပ်စဲခဲ့ကြတဲ့ ကချင်လွတ်လပ်ရေး တပ်မတော် (KIO) နဲ့ မြန်မာအစိုးရတပ်တို့ တိုက်ပွဲတွေဆက်ဖြစ်နေပြီး ပြည်တွင်းစစ်ကြီးဖြစ်သွားတဲ့အထိ ထိုးစစ်ဆင်တိုက်ခိုက်သွားမယ်လို့ KIO က ကြေညာလိုက်ပါတယ်။ မြန်မာအစိုးရတပ်တွေဘက်က KIO ဌာနချုပ်နားမှာ တပ်တွေချထားတာကို ရုပ်သိမ်းပေးဖို့ တောင်းဆိုခဲ့တာကို နောက်မဆုတ်တဲ့အပြင်လက်နက်ကြီးတွေနဲ့စပြီးပစ်ခတ်ခဲ့တာကြောင့် ပြည်တွင်းစစ်အခြေအနေမျိုး ထိတိုက်ပွဲကပြင်းထန်လာနေတာလည်းဖြစ်ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နုးပန်က စုစည်းတင် ဆက်ထားပါတယ်။

ပြည်တွင်းစစ်အဖြစ် တိုက်ပွဲဝင်သွားဖို့ KIO က ကြေညာအပြီးမြန်မာစစ်တပ်နဲ့ KIA တပ်ရင်း ၁၅ ကြား ဗန်းမော်၊ မိုးမောက်မြို့ တာပိန်မြစ်ရေကာတာအနီးမှာ ဒီနေ့ မွန်းလွဲပိုင်း ၂ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ ရေကာတာအနီး အခြေချထားတဲ့ မြန်မာစစ်တပ်တွေကတိုက်ပွဲကြောင့် နောက်ဆုတ်ပေးခဲ့ရပြီး ရေကာတာ စီမံကိန်းကတရုတ်အလုပ်သမား ၃၀၀ ခန့်ကိုတော့ KIA တပ်က နယ်စပ်ကို ပြန်ပို့ပေးခဲ့တယ်လို့ အရာရှိတွေက ပြောပါတယ်။

KIA က မနေ့ညက တာပိန်မြစ် ရေကာတာ ၂ ခုကို အဓိကဆက် သွယ်ထားတဲ့ နမ်ဖတ်ခချောင်း တံတားကိုလည်း ဗုံးခွဲဖျက်ဆီးလိုက်တဲ့အတွက် မြန်မာစစ်တပ်ဘက်က စစ်အင်အားဖြည့်ဖို့ အဝင်အထွက်လည်း အခက်အခဲဖြစ်နေတယ်လို့ သိရပါတယ်။

မြန်မာအစိုးရက ရိက္ခာနဲ့ သွားလာဖို့ ရေကာတာအတွက်အဓိကဆောက်လုပ်တဲ့နေရာဖြစ်ပြီး အခုချိန်မှာလည်း တပ်အင်အားဖြည့်နေချိန်မှာ အဝင်အထွက်ပိတ်လိုက်တဲ့အနေနဲ့ မနေ့ညမှာ ဖျက်ဆီးလိုက်ခြင်းဖြစ်တယ်လို့ KIO အရာရှိက အတည်ပြုပြောဆိုပါတယ်။

"ဒီတံတားက တောင်ကျချောင်းရေဖြစ်ပြီး တာပိန်မြစ်မှာဆုံတဲ့တံတားဖြစ်တယ်။ ကားတွေဖြတ်လို့ရအောင် ယာယီလုပ်ထားတဲ့ တံတားလို့ ပြောလို့ရပါတယ်။ အဲဒီရေက တအားကြီးတယ်၊ အခုတလောလူတွေ ဖြတ်လို့မရဘူး။ ဝါးဖောင်နဲ့လည်းဖြတ်လို့မရဘူး။ လျှပ်စစ်မီးအစီအစဉ်အတွက် ဆောက်လုပ်ထားတာ မနေ့ညက ဖျက်ဆီးလိုက်တာ ဖြစ်တယ်။"

လတ်တလော KIO ရဲ့ အချက်အချာကျ ဘွမ်ဆဲန်ဘွမ် တပ်စခန်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က စစ်အင်အား ၁,၀၀၀ နီးပါးနဲ့ လက်နက်ကြီးတွေ ဆက်တိုက်ပစ်ခတ်မှုကြောင့် နောက်ဆုတ်ပေးလိုက်ရတဲ့နောက် အခုလိုပြည်တွင်းစစ်ဖြစ်ဖို့ ကြေညာခဲ့တာဖြစ်တယ်လို့ KIO အရာရှိတွေက ပြောပါတယ်။ မြန်မာတပ်တွေကို KIO က အဲဒီနေရာတွေကနေ နောက်ဆုတ်ပေးဖို့ ရာဇသံပြန်ပေးခဲ့တာကို လက်မခံခဲ့လို့ အခုလို ပိုမိုပြင်းထန်လာတာ ဖြစ်တယ်လို့ အရာရှိက ကချင်လိုပြောပါတယ်။

"လောလောဆယ် ဘွမ်ဆဲန်ကိုတော့ ကျနော်တို့ဖယ်ထားပါတယ်။ အခြေအနေကိုကြည့်ပြီး ရှောင်ထားပြီး နည်းနည်း နောက်ဆုတ်ထားတယ်။ အခုတော့ ပြည်တွင်းတခုလုံး လှုပ်ရှားသွားဖို့တော့ရှိတယ်။ မနေ့က ၁၂ နာရီနောက်ဆုံး မြန်မာတပ်တွေကို ဘွမ်ဆဲန်တောင်နဲ့ လိုင်ဇာဌာနချုပ်အနီး ဖွန်ပဲန်ဘွမ်မှာလည်း နောက်ဆုတ်ပေးဖို့၊ မနေပေးဖို့ ပြောပေမဲ့ ၁၂ နာရီ ကျော်သွားပြီလေ။မြန်မာတပ် တွေက ဖယ်မပေးဘူးဆိုတော့ ၁၂ နာရီကျော်ရင် ပြည်တွင်းစစ်အထိ ဦးတည်သွားမယ်ဆိုတာ သေချာသွားပြီလေ။"

အခုလို KIA ရဲ့ ဘွမ်ဆဲန်တောင်ကို သိမ်းလိုက်တာဟာ KIA တပ်ရဲ့ ဗဟိုဌာနချုပ်နဲ့ တပ်မဟာ ၃၊ တပ်မဟာ ၅ ကို ဆက်သွယ်ထားတဲ့ အရေးကြီးနေရာ ဖြစ်တယ်လို့လည်း ပြောပါတယ်။

မြန်မာစစ်တပ်က အမြောက်ကြီးတွေနဲ့ ပစ်ခတ်မှုကြောင့် KIO ဘက်က သေဆုံးမှု ၅ ယောက်ထက်မနည်း ရှိပြီး ၁၀ ယောက်လောက် ဒဏ်ရာရရှိခဲ့သလို မြန်မာတပ်ဘက်ကလည်း ၅ ယောက်အထက် သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့တယ်လို့ ဗန်းမော်ဆေးရုံနဲ့ နီးစပ်သူတွေက ပြောပါတယ်။

ဒါပေမဲ့ အခုလိုတိုက်ပွဲတွင်း မြန်မာစစ်တပ်ဘက်က ရှေ့တန်းမှာ အသုံးပြုသူများဟာလည်း ကချင်မျိုးနွယ်စု၊ ရဝမ်လူမျိုးများဖြစ်နေတာကို တွေ့ရှိရတယ်လို့ လိုင်ဇာဒေသခံက အခုလိုပြောပါတယ်။

"တိုင်းရင်းသားအချင်းချင်းတွေကို သူတို့က ဓားစာခံလုပ်တယ်။ အခုလောလောဆယ် တိုက်ပွဲမှာကျတဲ့ အလောင်းတွေကို စစ်ဆေးကြည့်တော့ ရဝမ်လူမျိုးတွေ ပါနေတယ်ဆိုတာတွေ့ရပါတယ်။ ကချင်အချင်းချင်း ဓားစာခံလုပ်ပြီးမှ တိုက်ပွဲတွေ ဆင်နွှဲနေတယ်ဆိုတာ ကျနော်တို့ သိရပါတယ်။ ကျနော်တို့လည်း စိတ်မကောင်းပါဘူး။"

နောက်ပြီး မြန်မာစစ်တပ်ဘက်က ပြည်သူလူထုထဲက ပေါ်တာဆွဲတာတွေပြုလုပ်နေပြီး KIO ဌာနချုပ် လိုင်ဇာအနီးတဝိုက်ဒေသခံတွေကလည်း လိုင်ဇာမြို့ထဲမှာ ထွက်ပြေးတိမ်းရှောင်နေတာ ၅၀၀ ကျော်ရှိနေပြီလို့ ပြောပါတယ်။ လိုင်ဇာနဲ့ မိုင်ဂျာယန်ကနေတရုတ် ပြည်ဘက်ပစ္စည်းတွေနဲ့ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဒေသခံတွေကို တရုတ်အစိုးရက အားလုံးကိုလက်မခံတဲ့အတွက် တချို့ ပြန်လှည့်လာရတယ်လို့ မိုင်ဂျာယန် ဒေသခံက အခုလို ပြောပါတယ်။

"ပစ္စည်းတချို့ တရုတ်ပြည်ဘက် ရွှေ့ပြောင်းနေကြတယ်။ တရုတ်ပြည်ထဲမှာလည်း သူတို့က ကလေးတွေ၊ အသက်ကြီးတဲ့ အဖိုးအဖွားတွေကိုပဲ လက်ခံတယ်။ လူငယ်ပိုင်းတွေကို ပြန်မောင်းထုတ်လိုက်တယ်လို့ ကြားရတယ်။"

ရပ်ရွာတွင်း အမျိုးသားများက ရှေ့တန်း မထွက်မနေရ အမိန့်နဲ့ တိုက်ပွဲဝင်နေပြီး ဒေသခံများကတော့ တိုက်ပွဲကြောင့် ရှောင်ပြေးနေဖို့နေရာကို စိုးရိမ်ပူပန်နေတယ်လို့လည်း ပြောပါတယ်။

မြန်မာတပ်တွေဟာ ကချင်ပြည်နယ် KIA တပ်ရှိရာ တနိုင်းနဲ့တပ်ရင်း ၃ ရှိရာ ဝိုင်းမော်မြို့ ဆဒုံးမြို့နယ်နဲ့ တပ်စခန်းတွေရှိရာကို အင်အားဖြည့်နေသလို ရှမ်းပြည်နယ် KIA တပ်မဟာ ၄ အနီး လားရှိုး၊မူဆယ်လမ်းတဘက်မှာလည်း တပ်ရင်း ၃ ရင်း စစ်အင်အား တိုးမြှင့်ထားပြီး

**စာမျက်နှာ ၁၁ သို့**




**ဂျွန် ၁၂ | Mizzima || ||** ထားဝယ် ကမ်းလွန်ရေနံလုပ်ငန်းပေါင်းစုံ မဟာစီမံကိန်းအတွက် ထိုင်းမှ အီတဲန်ထိုင်းသည် အာရှတခွင်လှည့်၍ ဖက်စပ်များလုပ်ငန်းရှင်များ ယခုလလယ်မှစ၍ ရှာနေကြောင်း။

**ဂျွန် ၁၃ | DVB || ||** ကချင် ကေအိုင်အေစခန်းများအား မြန်မာစစ်တပ်မှ မီးကုန်ယမ်းကုန်ပစ်ခတ်ပြီး မြစ်ကြီးနားရှိ ကချင်ဆက်သွယ်ရေးရုံးချုပ်ကို စွန့်ခဲ့ရကာအပစ်အခတ်ရပ်စဲရေးသည် ဝေးသည်ထက် ဝေးလာကြောင်း။

**ဂျွန် ၁၄ | Irrawaddy || ||** တရုတ်တွင် သားယောကျ်ားလေးရှားမှု မြန်မာတွင် စစ်အုပ်ချုပ်ရေးကြောင့် စီးပွားရေးခက်ထန်မှုများကြောင့် ပလောင်အမျိုးသမီးများကို တရုတ်သတိုးသမီးအဖြစ် ရောင်းစားနေ၏။

**ဂျွန် ၁၄ | Mizzima || ||** ဒေါ်လာသန်း ၂၀၀ ကုန်ကျသည့် ဂြိုဟ်တုကို စေလွှတ်မည်ဟု မြန်မာဆက်သွယ်ရေးဝန်ကြီးဌာနမှဆို၏။

**ဂျွန် ၁၄ | Mizzima || ||** မြန်မာစစ်သား ၁၀၀ ကျော်နှင့် စစ်ဆင်ရေးအရာရှိသစ်တို့ကျဆုံးခဲ့ပြီး ကချင်ဖက်မှ သုံးဦးကျဆုံး တဦးဒဏ်ရာရကြောင်း ရွေးကောက်ပွဲတွင် အမတ်မဖြစ်ခဲ့သည့် ကချင်မှ ဒေါ်ပေါက်ဂျာ မှဆို၏။

**ဂျွန် ၁၅ | Nation || ||** ဘုရားသုံးဆူတွင် ကရင်နှင့် မြန်မာတပ် ပစ်ခတ်မှုကြောင့် ထိုင်း ၂ ဦး ဒဏ်ရရခဲ့၏။

**ဂျွန် ၁၅ | AFP || ||** မြန်မာတပ်နှင့် ကချင် KIA တပ်များတိုက်ပွဲဖြစ်၍ တရုတ်နယ်စပ်တွင် တရုတ်များအပါအဝင် ဒေသခံများ ထွက်ပြေးနေရကြောင်း။

**ဂျွန် ၁၅ | Irrawaddy || ||** ဂျွန် ၉ မှစ၍ ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်နေပြီး မြစ်ကြီးနားတွင် ပုံးပေါက်ကွဲမှုများဖြစ်နေ၍ ဗန်းမော် မြစ်ကြီးနားကားလမ်း၊ တရုတ် မြန်မာကုန်သွယ်ရေးလမ်းများအား ပိတ်ခဲ့၏။

**ဂျွန် ၁၅ | RFA || ||** ဒေါ်အောင်ဆန်းစုကြည်သည် သီတဂူဆရာတော်အား သွားရောက်ဖူးမျှော်၍ သာသနာ့တက္ကသိုလ်သို့ သွားရောက် လေ့လာခဲ့၏။

**ဂျွန် ၁၅ | Mizzima || ||** မြန်မာတွင် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို အဆိုပြုထားသည့် အပြည်အပြည်ပြည်ဆိုင်ရာ စုံစမ်းရေးကော်မရှင်ဖွဲ့အရေးပေါ် ဖွဲ့ခြင်းကို ခွင့်ပြုရန် မြန်မာသမတဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ AI မှ တောင်းဆိုထား၏။

**ဂျွန် ၁၅ | Palo Alto Wkly || ||** မြန်မာ အမေရိကန်အဖွဲ့ BAWA သည် ယခုနှစ်ဒေါ်အောင်ဆန်းစုကြည်မွေးနေ့(မြန်မာအမျိုးသမီးများနေ့) အစီအစဉ်အဖြစ်ဒေါ်အောင်ဆန်းစုကြည်မှ တိုက်ရိုက်စကားပြောမည်။

**ဂျွန် ၁၅ | Global securityNewswire/AP || ||** အပြည်ပြည်ဆိုင်ရာ အနုမြူအေဂျင်စီ IAEA သည် အဘယ်ကြောင့် နအဖတပ်မှထွက်ပြေးလာပြီး နအဖ၏အနုမြူလက်နက်လုပ်လိုမှုကို သက်သေပြနိုင်သည့်အထောက်အထားများလက်ကိုင်ပါလာသည့် ဗိုလ်ဟောင်း စိုင်းသိန်းဝင်းအား တွေ့ဆုံမှုမပြုသေးသနည်း။

**ဂျွန် ၁၅ | Environment News Service || ||** တရုတ်မှဆောက်နေသော ဒါးပိန်မြစ်ရေကာတာများသည် ဒေသခံမျာအား အကျိုးမပြု ဒုက္ခစုံပေးနေကြောင်း လှုပ်ရှားသူများမှ ဆို၏။

**ဂျွန် ၁၅ | Mizzima || ||** အသက် ၈ နှစ်မှ ၂၀ အရွယ် ကချင်ကျောင်းသူကျောင်းသားများအား သံလျင် အာဏာပိုင်များမှ ညှော့စါရင်းဆက်သွင်းခွင့်မပြုဘဲနေရပ်သို့ပြန်ရန် ဂျွန် ညနေ ၆ နာရီမတိုင်မီ ထွက်ခွာရန် အမိန့်ပေးထားကြောင်း။

**ဂျွန် ၁၅ | BBC || ||** နအဖတိုက်ခိုက်မှုများမှ ကာကွယ်ရန် ရှမ်းပြည်နက်ဖက်အပါအဝင် တံတားမျာစွာကို ကချင်များမှ ဖျက်ဆီးခဲ့ကြောင်း။

**ဂျွန် ၁၅ | BBC || ||** ကချင်နိုင်ငံရေးခေါင်းဆောင် ၂ ဦး မဆီမဆိုင်အဖမ်းခံနေရကြောင်း။

**ဂျွန် ၁၆ | BKK-AFP || ||** မြန်မာစစ်တပ်နှင့် မိမိတို့ပစ်ခတ်တိုက်ခိုက်မှုများတွင် ကြားဝင်ဖြန်ဖြေရန် ကချင်တပ်များမှ တရုတ်သို့ အကူအညီတောင်း၏။

**ဂျွန် ၁၆ | Rtrs || ||** ဒုက္ခသည်များတရုတ်နိုင်ငံထဲ ကြွဲဝင်လာနေရာ မြန်မာတပ်နှင့် ကချင်တပ် ၂ ဖက်လုံးအား ဆွေးနွေးပြေငြိမ်းရန် တရုတ်မှ သတိပေး၏။

**ဂျွန် ၁၆ | ND || ||** အိန္ဒိယဆိုင်ရာ အာဆီယံသံအမတ်များ၏ဥက္ကအဖြစ် မိမိသည်နေရာယူတော့မည်ဟု အိန္ဒိယဆိုင်ရာ မြန်မာသံအမတ်ဦးဇင်ယော်မှ နာဂလင်းအမတ်နှင့် တွေ့စဉ်ဆို၏။

**ဂျွန် ၁၆ | BP || ||** တရားမဝင်မြန်မာလုပ်သားနှင့် ခလေး ၅၂ ဦးအား ထိုင်းရဲမှ ပြန်ပေးဆွဲ ရောင်းစားသူ မြန်မာ ၂ ဦးနှင့် ထိုင်း ၄ ဦးဂိုဏ်း၏လက်ထဲမှ ကယ်တင်လိုက်ကြောင်း။ မြန်မာဖက်မှ ပွဲစားတဦးသည် စိုးအောင်သူ (၂၅နှစ်)ဟု လျော်ကြေးပေးရသူတဦးမှ ဆို၏။

**ဂျွန် ၁၆ | Asian Correspondent || ||** မြန်မာစစ်အာဏာရှင်၏တပ်များကို တန့်စေရန် ကချင်တပ်များသည် ဂျွန် ၁၄ တွင် နန်းဖခ မန္တလေးမူဆယ်တံတား၊ နန်းခရိုင်းတံတားအပါအဝင် တံတားများစွာဖျက်ဆီးခဲ့ပြီး မြန်မာတပ်များနှင့်ရွှေလီဆည် ရေအားလျှပ်စစ်စက် (၁) တွင် လည်းတိုက်ပွဲဖြစ်ခဲ့၏။

**ဂျွန် ၁၆ | XNA Bernama || ||** မြန်မာသည် GSM ဖုံးသုံးနိုင်ခြင်းကို အာရှိတခွင် အကြိုးဝင်စေတော့မည်။

**ဂျွန် ၁၆ | Irrawaddy || ||** မိမိတို့အမိမြေကို ပျောက်ကြားစစ်သုံး၍ အသက်ထက်ဆုံး ကာကွယ်သွားမည်ဟု KIO ကချင်တပ်မှ ဆိုကြောင်း။

**ဂျွန် ၁၆ | DVB || ||** မလေးရှား ဩစတြေးလျား ခိုလှုံသူလဲလှယ် အပေးအယူအစီအစဉ်ကို ဩစတြေးလျားအမတ်များမှ ငြင်းပယ်လိုက်ကြောင်း။

**ဂျွန် ၁၆ | Malaysia Insider || ||** မြန်မာတပ်နှင့် KIO ကချင်တပ်များ ၇ ရက်ကြာပစ်ခတ်၍ စစ်တပ်ထုပြောသည့် နယ်စပ်တလျှောက်သို့ စစ်ပြန့်နိုင်ကြောင်း။

**ဂျွန် ၁၆ | AI || ||** မြန်မာတွင် နိုင်ငံရေးအကျဉ်းသာအားလုံးအားလွှတ်ရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AI မှ တောင်းဆို၏။

**ဂျွန် ၁၆ | Vancouver Sun || ||** လွတ်လပ်မှုသည် ခွဲစိပ်တ်မရ။ အားလုံး အတူ လွတ်လပ်ခြင်း၊ သို့မဟုတ် အားလုံးအတူ မလွတ်လပ်ခြင်းသာဖြစ်သည်၊ ဟု ဒေါ်အောင်ဆန်းစုကြည်၏စကားကို ကိုးကား၍ Alan Clements မှ ဒေါ်အောင်ဆန်းစုကြည် နယ်လှည့်ခရီးနှင့်လျှင် အများနှင့်အတူ မေတ္တာပို့နေမည်ဟု ဆို၏။

**ဂျွန် ၁၆ | DVB || ||** ဒီဗီဘီဝက်ဆိုက်သစ်၏ burmese.dvb.no တွင် ဒေါ်အောင်ဆန်းစုကြည်၏ နလုံးရည်တိုက်ပွဲနှင့် မျိုးဆက်သစ်လူငယ်များအမြင် စာမျက်နှာတွင် စာဖတ်သူအမြင်ကို ရေးသားနိုင်ကြောင်း။

**စာမျက်နှာ ၁၃ သို့**

# ဝယ်လက်မရှိသဖြင့် မတ်ပဲများ လွှင့်ပစ်ရမည့် တောင်သူများကိန်းဆိုက်နေ

**DVB ၊ ဂျွန် ၁၄ ။** ။ ပြီးခဲ့တဲ့နှစ်တွေက အမြတ်အစွန်းများခဲ့တဲ့ ပဲတောင်သူတွေဟာ ဒီနှစ်မှာ အကြီးအကျယ် အရှုံးပေါ်နေပြီး ပဲဈေးကွက်မှာ လျှော့ဈေးနဲ့တောင် ဝယ်လက်မရှိတဲ့အတွက် လွှင့်ပစ်ရတော့မယ့် ကိန်းဆိုက်နေတယ်လို့ ပဲတောင်သူတွေက ပြောပါတယ်။

ပဲအထွက်ကျတာ၊ နိုင်ငံခြားပို့တဲ့ ဈေးကွက်အေးနေတာကြောင့် အခုလိုအရှုံးပေါ်နေရတာလို့ဆိုပါတယ်။ မတ်ပဲအထူးစိုက်ပျိုးတဲ့ ပဲခူးတိုင်း အနောက်ခြမ်း၊ မင်းလှမြို့နယ် ပေါက်ကုန်းရွာက ပဲတောင်သူတယောက်က အခုလိုပြောပါတယ်။

“ကျနော်တို့မှာ ပဲခြမ်းကို ရွေးထားတဲ့ဟာဆို လမ်းဘေးမှာ နံဆော်ပြီးတော့မှ လူတွေမခံနိုင်ဘူး။ ရွေးရွေးပြီးတော့မှ လွှင့်ပစ်ရတာပေါ့။ တချို့ကတော့ ဝက်စာဆိုပြီး လာယူကြတယ်။ မွေးထားတဲ့လူတွေပေါ့။ ကြာတော့ ယူတဲ့လူတွေလည်း မယူနိုင်တော့ဘူး။ အကုန်သွန်ပစ်ရတယ်”။

ပဲပေါ်ချိန်တုန်းက အချိန်အခါမဟုတ်မိုးရွာခဲ့တဲ့အတွက် ပဲတွေမိုးမိပြီး အရည် အသွေးတွေ ပျက်စီးကုန်တာကြောင့် ဈေးနှိမ်ခံနေရတာပါ။ မနှစ်တုန်းက မတ်ပဲတတင်းကို ၃ သောင်းခွဲ ၄ သောင်းနီးပါး ဈေးပေါက်ခဲ့ပေမယ့် ဒီနှစ်မှာတော့ မိုးမမိတဲ့ မတ်ပဲတတင်းကို တသောင်းခွဲ၊ မိုးမိတဲ့ပဲ တတင်းကိုတသောင်းဝန်းကျင်ပဲ ဈေးပေါက်တဲ့အတွက် ပဲတောင်သူတွေ အကြီးအကျယ် အရှုံးပေါ်နေကြပါတယ်။ ဒါပေမယ့် တောင်သူတွေက ငွေပေါ်ချင်တာရယ်၊ ပဲတွေကို ဆက်လှောင်ထားရင်လည်း မိုးမိထားတဲ့အတွက် မကြာခင်မှာပျက်စီးကုန်တော့မှာမို့ ဖြစ်တဲ့ ဈေးနဲ့ပဲ ရောင်းချင်နေတာတောင် ဝယ်လက်က မရှိဘူးလို့ဆိုပါတယ်။

“ဘယ်လောက်ရောင်းပြီးပြီလဲဆိုတော့ ဥပမာ ပဲ ၁၀၀ ထွက်တဲ့တောင်သူဆိုရင် အလွန်ဆုံးရောင်းလို့ရတာက ၂၀ နဲ့ ၃၀ ကြားမှာပဲရှိတယ်။ ဒီထက်မပိုဘူး။ သူ့တို့က ပထမဆုံးမိုးလွတ်သွားတဲ့လူနော်။ နောက်လူတွေကတော့ ဘာမှလုပ်မရဘူး။ ဝယ်တဲ့လူကိုက မဝယ်တာ။ ပဲသမားကရောင်းတယ်။ မရှိတော့တဲ့အဆုံး ဒီဈေးနဲ့ရောင်းမှာပဲ။ ထားလို့မှမရတာ။ ရောင်းပစ်မှာ ပဲ။ ပဲဆက်ထားမယ်ဆိုရင် မခံနိုင်တော့ဘူး။ မိုးလွတ်ထားတဲ့ပဲ မရှိဘူး။ မိုးလွတ်ထားတဲ့ပဲက ဟိုးအစောဆုံး မိုးမရွာခင်လေးမှာ တကြိုးတန်သည်၊ နှစ်ကြိုးတန်သည် စောစောလေးကျထားတဲ့ဟာတွေကို ရိတ်ပြီး နယ်ပြီး လုပ်ထားတဲ့ဟာတွေက သူတို့ကို ရောင်းပစ်လိုက်ပြီ။ ဝါဆို၊ ဝါခေါင် လောက်ဆိုရင်တော့ ဟိုဘက်ကို လွှင့်ပစ်ဖို့ပဲရှိတော့တယ်။ သူတို့ အစိုဓာတ်က ပြန်ရိုက်နေတာ။ မိုးကပြန်ရွာလာပြီလေ၊ ရွာလာတော့ မိုးမိထားတဲ့ဥစ္စာက အစိုဓာတ်က ပြန်နေပြီ။ အစိုပြန်နေတော့ ထားလို့မရဘူး၊ မျိုးလည်း မဖြစ်နိုင်ဘူး”။

ပဲခူးတိုင်း ညောင်လေးပင်ခရိုင်ထဲက ပဲတောင်သူတွေလည်း မိုးဖျက်လို့ ပဲအထွက်ကျတာ၊ ပဲဈေးမကောင်းတာပေါင်းပြီး နောက်ဆက်တွဲပြဿနာတွေကို ရင်ဆိုင်နေရတယ်လို့ ပဲစိုက်တောင်သူတဦးက ပြောပါတယ်။

“ကျနော်တို့စီမှာ စိုက်ချိန်က နှစ်မျိုးရှိတယ်။ မိုးတွင်းက မိုးစပါး။ မိုးစပါးကတော့ ကျနော်တို့စီမှာ အကုန်လုံးရတယ်။ ဆောင်းတွင်းကျတော့ ကျနော်တို့တောင်သူတွေအခေါ်တော့ ပဲကန်လို့ ခေါ်တာပေါ့၊ ပဲကန်က ဆောင်းသီးနှံအတွက်ကန်ပေါ့။ အဲဒါက ဒီမှာ သူတို့ချပေးတဲ့ ကျေးရွာအုပ်စုက ကျနော်တို့ မြို့နယ်မှာရှိတဲ့ကျေးရွာအုပ်စုထက် သုံးပုံတပုံလောက်ပဲရှိတယ်၊ အဲဒီပဲကန် မတည်တာတွေရှိနေလို့တဲ့၊ ဆိုတာက ဆပ်ဖို့ကျန်တဲ့ လယ်သမားတွေကလည်း အမှန်တကယ်ကတော့ အစိုးရဆီကယူထားတာကို ကြောက်တယ်။ သီးစားမရမှာဆိုးလို့ ဆပ်တာများတယ်။ မဆပ်ပဲ ကျန်နေတာဆိုရင်လည်းပဲ အမှန်တကယ် ပဲရှုံးလို့ မဆပ်ဖြစ်သေးတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မဆပ်ရင်မဆပ်တဲ့သူကိုပဲ သူတို့ဘဏ်ဥပဒေနဲ့ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ရမှာပေါ့။ အဲဒါ မဆပ်တာနဲ့ပဲ ကျန်တဲ့ တောင်သူတွေကိုပါ အခုချိန်ထိ စိုက်ပျိုးစရိတ်ငွေမထုတ်ပေးသေးဘူးဆိုတော့ အခု တချို့ဆို ကောက်တောင်စိုက်နေပြီ”။

ဒီလိုမျိုး အမတော်ကြေးငွေတွေကို မရတဲ့အတွက် လယ်သမားတွေဟာ ငွေတိုးချစားတဲ့ လူတွေဆီကနေ လစဉ်၊ တစ်ရာပေါ်မှာ ၄ ကျပ်တိုးကနေ တစ်ဆယ်အထိ အတိုးအထိပေးပြီး ငွေချေးနေရတယ်လို့ ညောင်လေးပင်မြို့နယ်က အဲဒီတောင်သူကပြောပါတယ်။ မုံရွာကုန်စည်ဒိုင်က ပဲကုန်သည်တယောက်က ဈေးကွက်ထဲမှာ ပဲဈေးကွက် အေးနေရတဲ့အကြောင်းကို အခုလို ပြောပါတယ်။

“အရောင်းအဝယ်တွေ အေးနေတာပေါ့၊ ငွေဈေးတွေကျနေတော့၊ အိပ်စပို့ လုပ်နေတဲ့လူတွေကလည်း ငွေဈေးကျလို့ ဒီမှာမလုပ်နိုင်ဘူးလေ၊ သူတို့ ဒီမှာစိုက်ထားတဲ့ငွေနဲ့ ပြန်ရောင်းရမယ့်ငွေနဲ့ ပြန်ရမယ့်ပိုက်ဆံနဲ့ မကိုက်တော့ဘူး၊ ပဲမျိုးစုံတော့ အကုန်ကျသွားတာပေါ့၊ တရုတ်ဝယ်လက်ဖြစ်တဲ့ ပဲတီစိမ်းပဲနည်းနည်း လေးတောင့်ခံနေတာ၊ ၂၅၅၀၀ ဈေးတဲ့၊ သူက တရုတ်ဝယ် လက်လို့ပြောတယ်၊ မတ်ပဲက အိန္ဒိယဝယ်လက်။ သူတို့ထုတ်လုပ်တဲ့ စရိတ်နဲ့ မကိုက်တော့ဘူး အခုဖြစ်သွားတာတွေက”။

ဒီအတောအတွင်းမှာ နိုင်ငံခြားငွေနဲ့ လဲလှယ်တဲ့ နေရာမှာ မြန်မာကျပ်ငွေဈေး စံချိန်တင် မြင့်မားနေတာကြောင့် ပို့ကုန်သမားတွေသာမက အောက်ခြေက တောင်သူတွေအထိ ထိခိုက်နိုင်တယ်လို့ စီးပွားရေးပညာရှင်တွေက ကြိုတင်သတိပေးနေကြတာတွေရှိပါတယ်။ မြန်မာပြည်မှာ ဆန်စပါးအဓိက စိုက်ပျိုးတဲ့နိုင်ငံဆိုပေမယ့် ပြီးခဲ့တဲ့နှစ်တွေက ဆန်တင်ပို့မှုကို အစိုးရက ပိတ်လိုက်ဖွင့်လိုက်လုပ်နေတဲ့အချိန်၊ ပဲအမျိုးမျိုး နိုင်ငံခြားတင်ပို့မှုကတော့ အာဆီယံနိုင်ငံတွေထဲမှာ ထိပ်ဆုံးကဖြစ်ခဲ့တဲ့အတိုင်းပဲ တောင်သူတွေလည်းအမြတ် အစွန်းများခဲ့ပါတယ်။

# ကျပ်ငွေရှားပါးမှုကြောင့် အခက်ကြုံ

**DVB ၊ ဂျွန် ၁၃ ။** ။ အခုလဆန်းကတည်းကတက်နေတဲ့ မြန်မာကျပ်ငွေဈေးဟာ ဆက်တက်နေပြီး ဈေးကွက်ထဲမှာ မြန်မာငွေရှားပါးလို့ ငွေလွှဲလုပ်ငန်းတွေလည်း အခက်ကြုံနေကြပါတယ်။

ပုံမှန်အားဖြင့် နိုင်ငံခြားကနေ မြန်မာနိုင်ငံကိုငွေလွှဲရင် နေ့ချင်း ဒါမှမဟုတ် နာရီပိုင်းအတွင်း ထုတ်ယူလို့ရပေမယ့် အခုတော့ ငွေဈေးမငြိမ်တာနဲ့ ထုတ်ပေးဖို့ ကျပ်ငွေရှားပါးတဲ့အတွက် တရက်ကနေ နှစ်ရက်၊ သုံးရက်အထိ စောင့်ရတဲ့ အခြေအနေနဲ့ကြုံနေရပါတယ်။ ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို ငွေလွှဲတရက်ကြာပြီး ဂျပန်လိုနိုင်ငံမျိုးကနေ မြန်မာနိုင်ငံကို ငွေလွှဲတဲ့အခါ နှစ်ရက်၊ သုံးရက်ကြာမယ်လို့ ငွေလွှဲလုပ်ငန်း လုပ်ကိုင်သူတဦးက ပြောပါတယ်။

ဒီကနေ့ ထိုင်း–မြန်မာ ငွေလဲနှုန်းက တဘတ်ကို ၂၄ ကျပ် ဝန်းကျင်ဈေးပေါက်ပြီး မြန်မာပြည်ကို ကျပ်တသိန်းလွှဲရင် ၄၁၆၀ ဘတ်ရှိပါတယ်။ ဒီကနေ့ ဂျပန်–မြန်မာ ငွေလဲနှုန်းကတော့ တယန်းကို ၁၀ ကျပ်ဝန်းကျင် ဈေးပေါက်ပြီး မြန်မာပြည်ကို ကျပ်တသိန်းလွှဲရင် ၁၀၃၀၀ ယန်းရှိပါတယ်။ ပြီးခဲ့တဲ့ စနေ ဇွန်လ ၁၁ ရက်နေ့က မြန်မာနိုင်ငံမှာ ငွေဈေးတက်လိုက်၊ ကျလိုက် မတည်မငြိမ်ဖြစ်နေလို့ ငွေလွှဲလုပ်ငန်းကိုရပ်ထားပြီး ဒီကနေ့ တနင်္လာနေ့မှငွေလွှဲပြန်ဖွင့်တယ်လို့ ဘန်ကောက်အခြေစိုက် ငွေလွှဲတဦးက ပြောပါတယ်။

စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဘောဂဗေဒပညာရှင်တွေကတော့ အစိုးရလက်ထဲ မြန်မာငွေတွေပုံနေလို့ အခုလိုကျပ်ငွေဈေးတက်ရတာလို့ သုံးသပ်ကြပါတယ်။ အစိုးရသစ်ဟာ သူတို့လက်ထက်မှာ မြန်မာငွေတန်ဖိုးတက်တာကို ပြချင်လို့ နိုင်ငံပိုင် အဆောက်အဦးတွေရောင်း၊ လေလံပွဲတွေလုပ်ပြီး ကျပ် ငွေတွေကို သိမ်းယူထားတာလို့ ငွေလွှဲလုပ်သူက ပြောပါတယ်။ မြန်မာငွေတန်ဖိုးတက်နေတာကြောင့် ပုံသေနည်းအရ ကုန်ပစ္စည်းတွေ ဈေးကျရမှာဖြစ်ပေမယ့် အများပြည်သူ နေ့စဉ်မဖြစ်မနေဝယ်ယူနေကြရတဲ့ အခြေခံစားသောက်ကုန်ဈေးကတော့ မကျတဲ့အပြင် ထပ်တောင် တက်နေပါသေးတယ်။ ဒီကနေ့ အမေရိကန် ဒေါ်လာပေါက်ဈေးက ၇၅၀ ကျပ် ဖြစ်ပြီး FEC ကတော့ တယူနစ်ကို ၆၆၅ ကျပ် ဈေးပေါက်ပါတယ်။

# အာရပ်မှလို ဆန္ဒပြမှု မြန်မာနိုင်ငံမှာ ပေါ် မပေါ် သမတဦးသိန်းစိန်အစိုးရပေါ်တည်

**RFA । ၅ွန် ၁၇ ။** ။ အာရပ်ကမ္ဘာက ဒီမိုကရေစီရေး ဆန္ဒပြတောင်းဆိုမှုတွေလိုမျိုး မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာနိုင်တဲ့ အလားအလာဟာ အာဏာပိုင်အစိုးရအပေါ်မှာတည်သလို ပြည်သူတွေအပေါ်မှာလည်း တည်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

RFA က သောကြာနေ့ညတိုင်းထုတ်လွှင့်နေတဲ့ လူထုနဲ့ဒေါ်အောင်ဆန်းစုကြည်အစီစဉ်အတွင်း အမေရိကန်အထက်လွှတ်တော်အမတ် John McCain ရဲ့ပြောကြားချက်နဲ့ပတ်သက်ပြီး မလေးရှားနိုင်ငံမှာ ရောက်ရှိသီတင်းသုံးနေတဲ့ မြန်မာရဟန်းတော်တပါးရဲ့အမေးကိုဖြေကြားရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြန်လည်ဖြေကြား လျှောက်ထားလိုက်တာဖြစ်ပါတယ်။

"အခြေအနေအရ နိုင်ငံတနိုင်ငံမှာ ဖြစ်နိုင်ခြေရှိတာကို John McCain က ပြောသွားတာပါဘုရား။ ဖြစ်စေချင်သည် ဖြစ်စေ ဖြစ်စေချင်သည် ဖြစ်စေ တချို့ကိစ္စတွေက ဖြစ်သွားတဲ့အခါမှာ အကောင်းဆုံးရလာဒ်ရအောင်သာ ကြိုးစားရမယ်လို့ထင်ပါတယ်ဘုရား။ အာရပ်နိုင်ငံတွေမှာဖြစ်နေတာမျိုး မြန်မာနိုင်ငံမှာမဖြစ်ဘူးလို့လည်း တပ်အပ်ပြောလို့ရနိုင်မယ်လို့ မထင်ပါဘူး ဘုရား။ ဒါက တိုင်းပြည်အုပ်ချုပ်သူတွေ ရဲ့လုပ်ဆောင်ချက်တွေနဲ့ ပြည်သူတွေရဲ့ဆန္ဒတွေပေါ်မှာ အခြေခံပြီး အဖြေပေါ်လာမယ်လို့ ထင်ပါတယ် ဘုရား။"

မြန်မာနိုင်ငံကို ပြီးခဲ့တဲ့ ဇွန်လ ပထမပတ်က လာရောက်လည်ပတ်ခဲ့တဲ့ အမေရိကန်အထက်လွှတ်တော်အမတ် John Mc Cain ရဲ့ခရီးစဉ်အပြီး သတင်းထုတ်ပြန်ရာမှာ မြန်မာနိုင်ငံမှာ အစိုးရက နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ဖို့၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲတာကို တဖြည်းဖြည်းချင်းပြောင်းလဲဖို့ ပျက်ကွက်ရင် အာရပ်ကမ္ဘာက ဒီမိုကရေစီရေး ဆန္ဒပြအုံကြွမှုတွေလို တော်လှန်ရေးနဲ့ ပြောင်းလဲတာ ကြုံနိုင်ကြောင်းပြောကြားခဲ့တဲ့အပေါ်အခြေခံပြီး မေးခဲ့တာဖြစ်ပါတယ်။

အလားတူပဲ ဒီတပတ် အစီအစဉ်မှာ မြန်မာနိုင်ငံက နိုင်ငံရေးပါတီတချို့ဟာ စီးပွားရေးလုပ်ငန်းတွေထူထောင်ပြီး ပါတီစီးပွားရေးအတွက်လုပ်ဆောင်နေကြတာနဲ့ပတ်သက်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်ပါတယ်။

"NLD က နိုင်ငံရေးပါတီတခုဟာ စီးပွါးရေးလုပ်ငန်း လုပ်ကိုင်မယ်ဆိုရင် မလိုလားအပ်တဲ့ အကျိုးဆက်တွေ ရှိနိုင်မယ်ဆိုတာကို ထောက်ပြခဲ့ပါတယ်။ နိုင်ငံရေးကတဖက်၊ စီးပွါးရေးလုပ်ငန်းက တဖက်ဆိုရင် နစ်ဖက်စလုံးရှုတ်ရှုတ်ထွေးထွေးနဲ့ မအောင်မမြင်တွေ ဖြစ်နိုင်ပါတယ်။"

နိုင်ငံရေးပါတီတခုအနေနဲ့ တပြိုင်နက်ထဲ စီးပွားရေး လုပ်ဆောင်ဖို့ သင့်မသင့် ထိုင်းနိုင်ငံရောက်သောတရင်တဦးရဲ့ မေးမြန်းချက်အပေါ် အခုလို ဖြေကြားလိုက်တာ ဖြစ်ပါတယ်။

---

## NDA-K ခေါင်းဆောင်တချို့ နေအိမ်အကျယ်ချုပ်ချ သတင်းတွေ မှန်ကန်မှုမရှိကြောင်း ငြင်းဆို

**RFA । ၅ွန် ၁၇ ။** ။ အပစ်အခတ်ရပ်စဲထားတဲ့ ဒီမိုကရေစီသစ် တပ်မတော်-ကချင် NDA-K အဖွဲ့ခေါင်းဆောင်တချို့ကို နေအိမ်အကျယ်ချုပ်ချထားတယ်ဆိုတဲ့သတင်းတွေ မမှန်ကန်တဲ့အကြောင်း NDA-K အရာရှိတဦးက အာအက်အေကို အတည်ပြုပြောပါတယ်။

NDA-K အဖွဲ့ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းနဲ့ ဒု ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝေါ့လော်ဟောင်းခေါင်ကို အကျယ်ချုပ်ချထားတယ်ဆိုတဲ့သတင်း တွေ ပြည်ပမီဒီယာတချို့ကပြောခဲ့ပေမဲ့ ဒီသတင်းမမှန်တဲ့အကြောင်း အမည်မဖော်လိုတဲ့ NDA-K ဗဟိုကော်မီတီဝင်တဦးက အာအက်အေကို ရှင်းပြ ပြောကြားခဲ့တာဖြစ်ပါတယ်။

ခွဲထွက် NDA-K ခေါင်းဆောင်တဦးရဲ့ အသိုင်းအဝိုင်းကလဲ NDA-K ခေါင်းဆောင်တချို့အကျယ်ချုပ်ခံနေရတာ မဟုတ်ဘူးလို့ သိရကြောင်း အာအက်အေကိုပြောပါတယ်။

NDA-K ခေါင်းဆောင်တချို့ အကျယ်ချုပ်ခံနေရတယ်ဆိုတဲ့ သတင်းတွေထွက်တဲ့နေ့မှာဘဲ NDA-K ဒု ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝေါ့လော်ဟောင်းခေါင် မြစ်ကြီးနားကနေ ပန်ဝါဌာနချုပ်ကို ပြန်တက်သွားတဲ့အကြောင်း မျက်မြင်သက်သေတဦးကလည်း ပြောပြပါတယ်။

NDA-K အဖွဲ့ ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းဟာ ကချင် တသီးပုဂ္ဂလအမတ်ဖြစ်ပါတယ်။ ဒါ့ပြင် အမျိုးသားလွှတ်တော်အစိုးရအာမခံ ချက်များကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မီတီ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ လောလောဆည် ဒီအဖွဲ့အစည်းအဝေးအတွက် ဦးဇခုန်တိန့်ယိန်းဟာ နေပြည်တော်ကိုရောက်နေတယ်လို့ စုံစမ်းသိရပါတယ်။

ဦးဇခုန်တိန့်ယိန်းဟာ ၂၀၁၀ ရွေးကောက်ပွဲကို ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ် ၄ ကနေ တသီးပုဂ္ဂလအမတ်အဖြစ် အရွေးခံခဲ့သလို ဦးဇခုန်တိန့်ယိန်းရဲ့သားဖြစ်သူက ကချင်ပြည်နယ် ကြံ့ခိုင်ရေးပါတီကနေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်မှာ NDA-K ဗဟိုကော်မီတီဝင် ဗိုလ်မှူးကြီး မုတ်ယင်ဒေါင်ဟောင်း၊ ဗိုလ်မှူးကြီး မန်ကျည်ဖောင်းခေါင်နဲ့ ဒု ဗိုလ်မှူးကြီး နဘုတ်ထောခေါင်တို့ ၃ ဦးကို တစည ပါတီကနေ ရွေးကောက်ပွဲဝင်တဲ့အတွက်ဆိုပြီး NDA-K က ထုတ်ပယ်ခဲ့ပါတယ်။

---

**စာမျက်နှာ ၈ မှ**

ဗန်းမော်မြို့တွင်းမှာလည်း ထပ်ဖြည့်ထားတယ်လို့ KIO အရာရှိတွေက ပြောပါတယ်။

ဌာနချုပ်လိုင်ဇာအဝင်ဂိတ်လဂျားယန်မြန်မာတပ်တွေမှာလည်း စစ်အင်အားတွေ ဆက်တိုက်ဖြည့်နေမှုကြောင့် မြန်မာဘက်က ထိုးစစ်ဆင်ဖို့ ပြင်ဆင်နေပုံရပြီး ဒေသခံပြည်သူ့စစ်တွေလည်း အချိန်ပြည့်စောင့် ကြည့်နေတယ်လို့ ပြောပါတယ်။

မြန်မာစစ်တပ်ဟာ ပြီးခဲ့တဲ့ တိုက်ပွဲမှာ ဆန်ဂန်ကျေးရွာ KIO ဆက်ဆံရေးရုံးကို သိမ်းပိုက်ခဲ့ပြီး KIA ရဲ့ မြစ်ကြီးနား ဆက်ဆံရေးရုံးနဲ့ မြစ်ကြီးနားမြို့ တမြို့လုံးကို မီးပေးနေတဲ့ ဘူးဂါးရုံးကိုလည်း လာမယ့် တနင်္ဂနွေနေ့ နောက်ဆုံး ရုပ်သိမ်းပေးဖို့ သတိပေးလိုက်တယ်လို့ အရာရှိတွေက ပြောပါတယ်။

# အီးယူ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံလာရောက်မည်

**VOA । ဂျွန် ၁၇ ။** ။ မြန်မာနိုင်ငံမှာ အရပ်သားအစိုးရ တက်လာပြီးတဲ့နောက် ပထမဆုံးအကြိမ် အနေနဲ့ EU ဥရောပသမဂ္ဂ အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဟာ မြန်မာနိုင်ငံခရီး စတင်လိုက်ပါတယ်။ ဒီခရီးစဉ်အတွင်း မြန်မာအစိုးရကိုယ်စားလှယ်တွေအပြင် နိုင်ငံရေးပါတီ အဖွဲ့တွေနဲ့လည်း တွေ့ဆုံဖို့ ရှိတယ်လို့ EU ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ ဒါ့အပြင် EU အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရဲ့ အခုခရီးစဉ်နဲ့ ပတ်သက်ပြီး မြန်မာ့အရေး ဆောင်ရွက်သူ တချို့ကလည်း နှစ်ဘက် အပြန်အလှန်အကျိုးရှိနိုင်တယ်လို့သုံးသပ်ခဲ့ကြပါတယ်။အပြည့်အစုံကို ဆက်သွယ် မေးမြန်းထားတဲ့ မနန္ဒာချမ်းက တင်ပြပေးထားပါတယ်။

ဒီခရီးစဉ်ကို EU နိုင်ငံခြားရေး မူဝါဒဆိုင်ရာ အရာရှိ Catherine Ashton ရဲ့ အထူးအကြံပေး ပုဂ္ဂိုလ် ရောဘတ် ကူးပါး (Robert Cooper) ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံဆိုင်ရာ EU အထူးကိုယ်စားလှယ် Piero Fassino လည်း လိုက်ပါသွားခဲ့တာပါ။

မနက်ဖြန်မှာ မြန်မာနိုင်ငံကို ရောက်ရှိမှာဖြစ်ပြီး ဒီခရီးစဉ်အတွင်း မြန်မာအစိုးရ အဆင့်မြင့်အရာရှိတွေအပြင် အတိုက်အခံနိုင်ငံရေးအင်အားစုတွေ၊ အရပ်သားလူမှုအဖွဲ့အစည်းတွေနဲ့တွေ့ဆုံမှာဖြစ်တယ်လို့ EU နိုင်ငံခြားရေး မူဝါဒဆိုင်ရာ အရာရှိ ကက်သရင်း အက်ရှ်တန်ရဲ့ လက်ထောက်ပြောခွင့်ရသူ Maja Kocijancic က ဗွီအိုအေကို အတည်ပြုပြောဆိုပါတယ်။ ဒီခရီးစဉ်ရဲ့ရည်ရွယ်ချက်နဲ့ပတ်သက်ပြီးတော့ မစ်စ် မာယာက အခုလို ပြောပါတယ်။

"EU ဥရောပသမဂ္ဂက ရှင်းလင်းပြတ်သားတဲ့ ပေါ်လစီတရပ် မြန်မာနိုင်ငံအပေါ် ချမှတ်ထားတာ ဖြစ်ပါတယ်။ အဲဒီပေါ်လစီကိုလည်း ပုံမှန် ပြန်လည်သုံးသပ်ပြီး နှစ်စဉ်ချမှတ်တာဖြစ်ပါတယ်။ EU အနေနဲ့ မြန်မာနိုင်ငံကို အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တဖွဲ့စေလွှတ်ဖို့သုံးသပ်ခဲ့ပါတယ်။ EU နိုင်ငံခြားရေးဌာနက ကိုယ်စားလှယ် ဧပြီလ တုန်းကမြန်မာနိုင်ငံကိုသွားရောက်စဉ် ဒါကို ထပ်လောင်းတင်ပြခဲ့ပါတယ်။

"EU နဲ့ မြန်မာအစိုးရကြားအဆင့်မြင့် ဆွေးနွေးပွဲတွေ ကျင်းပဖို့၊ အဖွဲ့အစည်းသစ်တွေအပြင်ဒေါ်အောင်ဆန်းစုကြည်အပါဝင်အတိုက်အခံပါတီနဲ့ တခြားအုပ်စုတွေနဲ့ပါ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဖို့ဖြစ်ပါတယ်။ EU အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို အမြန်ဆုံးစေလွှတ်နိုင်ဖို့လုပ်ဆောင်ခဲ့တဲ့အတွက်လည်း အခုကိုယ်စားလှယ်အဖွဲ့သွားရောက်နေတာ ဖြစ်ပါတယ်။"

EU နိုင်ငံခြားရေးမူဝါဒဆိုင်ရာအရာရှိ ကက်သရင်းအက်ရှ်တန်ရဲ့ လက်ထောက်ပြောခွင့်ရသူ မာယာကော်ကျီယန်ချိပြောခဲ့တာဖြစ်ပါတယ်။ အခုလို EU အဆင့်မြင့် ကိုယ်စားလှယ်မြန်မာနိုင်ငံသွားရောက်တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ ဥရောပ၊ မြန်မာရုံးတာဝန်ခံ ဦးဟန်ယောင်ရွှေက ကြိုဆိုခဲ့ပြီး အခုလို EU ကိုယ်စားလှယ်တွေနဲ့မြန်မာအစိုးရအဆင့်မြင့် အရာရှိတွေ တွေ့ဆုံဆွေးနွေးခြင်းဟာနှစ်ဘက်စလုံးအတွက် အကျိုးရှိစေနိုင်မယ်လို့ ဆိုပါတယ်။

"ကျနော့်အနေနဲ့ မြင်တာကတော့ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုရင် သူတို့ကလည်း မြန်မာပြည်အခြေအနေကို ပိုသိလာမယ်။ အဲဒါတင်မက အခုတက်လာတဲ့ အစိုးရက တောင်းဆိုထားတဲ့ပိတ်ဆို့မှုတွေကို ရုပ်သိမ်းဖို့ဆိုတဲ့နေရာမှာ ဥရောပသမဂ္ဂအနေနဲ့ ချက်ချင်း မရုပ်သိမ်းနိုင်ဘူး။ သူတို့ကလည်း အခြေအနေ ကောင်းလာမှ ရုပ်သိမ်းနိုင်မယ်။ ဆိုတော့ သူတို့ကလည်း သွားရှင်းပြမှာဖြစ်ပါတယ်။

"နှစ်ဘက်စလုံးအတွက် နားလည်မှု ပိုကောင်းလာမယ်။ မဖြစ်နိုင်တဲ့ကိစ္စကို မတောင်းဆိုဘဲ ဖြစ်နိုင်တဲ့ လုပ်ငန်းတွေကို ပူးပေါင်းလုပ်နိုင်တဲ့ အခြေအနေတွေ့ချင်တွေ့မယ်။ ဘာကြောင့်လဲဆိုရင်အခုလက်ရှိတက်လာတဲ့ အစိုးရကလည်းပြောတာက ဖွံ့ဖြိုးရေးလုပ်ချင်တယ်၊ လူထုအကျိုး လုပ်ချင်တယ်ဆိုတဲ့နေရာမှာ ဥရောပသမဂ္ဂအနေနဲ့ကလည်း တကယ်သိချင်တယ်။ အခုလိုမျိုး ပြောသွားတဲ့ဟာက တကယ် လုပ်မလား၊ မဟုတ်ခဲ့ရင်ဟန်ဆောင် လုပ်ပြမလားဆိုတာတွေ ပါပါတယ်။ ဒီနေရာမှာ သွားတွေ့ပြီးတော့မှ တကယ်သွားဆွေးနွေးရင်တော့ အကျိုးရှိနိုင်တယ်လို့ မြင်ပါတယ်။"

ဥရောပ၊ မြန်မာရုံးတာဝန်ခံ ဦးဟန်ယောင်ရွှေ ပြောပြသွားတာဖြစ်ပါတယ်။ EU ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ မူဝါဒတွေကို ပြီးခဲ့တဲ့ ဧပြီလက ပြန်လည်သုံးသပ်ခဲ့ပြီး ပိတ်ဆို့မှုသက်တမ်းကို နောက် ၁ နှစ် တိုးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြန်မာနိုင်ငံမှာ တ ကယ်ပဲ စစ်မှန်တဲ့အပြောင်းလဲတွေ ဖြစ်ပေါ်လာအောင်မက်လုံးပေးတဲ့ အနေနဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီးကိုလည်း ဥရောပကိုလာခွင့်ပြုခဲ့ပါတယ်။

အရင် မြန်မာစစ်အစိုးရလက်ထက် လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး EU ဥရောပသမဂ္ဂကနေ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုတွေကို ချမှတ်ခဲ့တာပါ။ ဒီဒဏ်ခတ်မှုတွေထဲမှာ ဥရောပနိုင်ငံတွေအတွင်း မြန်မာစစ်အစိုးရထိပ်ပိုင်း ခေါင်းဆောင်တွေနဲ့ မိသားစု၊ ဆွေမျိုးသားချင်းတွေ ခရီးသွားလာခွင့် ပိတ်ပင်တာ၊ အစိုးရရဲ့ ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်ထားတာ၊ မြန်မာစစ်အစိုးရကို လက်နက်ရောင်းချခွင့်ပိတ်ပင်တာ၊ သစ်တင်သွင်းမှုအပါအဝင် ကျောက်မျက်ရတနာနဲ့ ဓာတ်သတ္တု တင်သွင်းခွင့် စတာတွေ ပါဝင်ပါတယ်။

# ကုလကြားဝင်ရန် ကချင်တောင်းဆို

**RFA । ဂျွန် ၁၇ ။** ။ စစ်ရေးတင်းမာပြီး အခြေအနေတွေ မငြိမ်သက်သေးတဲ့ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် ဒေသတွင်းက စစ်ပြေးဒုက္ခသည် ပြည်သူတွေကို အကာအကွယ်ပေးဖို့ အတွက် ပြည်ပအခြေစိုက် KNO ကချင် အမျိုးသားအစည်းအရုံးရဲ့ အမေရိကန်တာဝန်ခံဖြစ်သူ ကိုဂမ်ဆန်ဟာ ကုလသမဂ္ဂဆိုင်ရာ သံတမန်တချို့နဲ့ မနေ့က တွေ့ဆုံပြီး အကူအညီ တောင်းခံလိုက်ပါတယ်။

ကချင်လွတ်မြောက်ရေးတပ်မတော် KIA နဲ့ မြန်မာအစိုးရတပ်တွေကြား စစ်ပွဲတွေဆက်မဖြစ်အောင် ဖြန်ဖြေပေးမယ့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အဖွဲ့တဖွဲ့စေလွှတ်ပေးရေးအပါအဝင်အချက် ၃ ချက်ကို အဓိကတောင်းဆိုခဲ့တယ်လို့ ကိုဂမ်ဆန် က RFA ကို ပြောပါတယ်။ နယူးယောက်မြို့ ကုလသမဂ္ဂရုံးမှာပြုလုပ်တဲ့ ကြားနာပွဲကိုဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက သံတမန်တွေ အမေရိကန်၊ လက်တင်အမေရိကနဲ့ အာရှနိုင်ငံက သံတမန်တွေ သံတမန် ၂၀ တက်ပါတယ်။

ICRCကမ္ဘာ့ကြက်ခြေနီအဖွဲ့ ကတော့ အိန္ဒိယ မြန်မာနယ်စပ်က သူတို့ရဲ့ဝန်ထမ်းတွေကို အရေးပေါ်တပ်လှန့်ထားမယ်လို့ ကတိပေးကြောင်း KNO အဖွဲ့က ကိုဂမ်ဆန်က RFA ကို ပြောပါတယ်။

# ကစားကွင်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဥပဒေတရပ်ပြန်းဌန်းရန်လို

**DVB ၊ ဂျွန် ၁၄ ။** ။ ဒီလဆန်းပိုင်းတွေက ရန်ကုန်မြို့ပြည်သူ့ရင်ပြင်မှာရှိတဲ့ ရေလွှာဥယျာဉ်မှာ ထိခိုက်ဒဏ်ရာရရှိမှုတွေနဲ့အတူ အသက်သေဆုံးမှုပါတွေပါ ရှိလာကြောင့် အစိုးရအဖွဲ့အစည်းအသီးသီးအနေနဲ့ ကစားကွင်းတွေမှာ ဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက် ဥပဒေတရပ် အမြန်ဆုံးပြဋ္ဌာန်းဆောင်ရွက်ဖို့လိုအပ်လာပြီလို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဘုန်းမြင့်အောင်က ပြောကြားလိုက်ပါတယ်။

ဒီလ ၁ ရက်နေ့က ရေလွှာဥယျာဉ်မှာ ရေလွှာလျှောစီး ဆော့ကစားရင်း အသက်ဆုံးရှုံးခဲ့ရတဲ့ ကိုဖိုးခွား (ခေါ်) ကိုဆန်းထွန်းဝင်း အသက် (၂၄) နှစ်ရဲ့ မိသားစုတွေနဲ့ အဲဒီနေ့မှာပဲ ရေလွှာလျှောစီးရာက လက်သုံးချောင်းမှာ တဆစ်စီ ပြတ်တောက်သွားခဲ့ရတဲ့ ကိုတင်အောင်ဖြိုးတို့ကို တွေ့ဆုံကာ ဒီရေလွှာဥယျာဉ်ရဲ့အခြေအနေကို သုံးသပ်ပြီး ဦးဘုန်းမြင့်အောင်က ပြောကြားလိုက်တာဖြစ်ပါတယ်။ ဒီလိုဥပဒေတရပ် ခိုင်ခိုင်မာမာမရှိတာကြောင့် အသက်သေဆုံး ထိခိုက်ဒဏ်ရာရရှိတာတွေနဲ့ပတ်သက်ပြီး တာဝန်ယူတာဝန်ခံမှုတွေ နည်းပါးနေရပုံကို ဦးဘုန်းမြင့်အောင်က အခုလိုထောက်ပြပြောဆိုပါတယ်။

"ဒီဟာကြီး အန္တရာယ်ရှိတယ်။ ခွင့်ပြုချက်ပေးတာက စည်ပင်သာရေးကော်မတီက ခွင့်ပြုချက်ပေးတာ။ ဒီဟာ အန္တရာယ်ရှိ၊ မရှိကို သူတို့ကတော့မ ပြောနိုင်ဘူး၊ခွင့်ပြုချက်နဲ့လုပ်တာဆိုတော့ အဲဒီဟာကိုပဲလွှဲပေးတာပေါ့။အဲဒီ ကော်မတီကလည်း အဲဒါကိုဘာပြောလဲဆိုရင် သူတို့ကုမ္ပဏီနဲ့ပဲ သက်ဆိုင်တယ်ပေါ့။ အဲတော့ ဒီဟာက ဥပဒေလည်းမရှိဘူး၊ ခွင့်ပြုချက်ပုံစံမျိုးတွေလည်းမရှိတော့ အဲဒီမှာ ဒီလိုအဖြစ်ဆိုးမျိုးတွေ တွေ့ရတာပေါ့"။

ဒီလိုဥပဒေရယ်လို ခိုင်ခိုင်မာမာမရှိတာကြောင့် အရေးယူဖို့နဲ့ ထိခိုက်သူတွေကို အကာအကွယ်အကွယ်မပေးတဲ့ အခြေအနေမျိုးတွေ ဖြစ်နေတယ်လို့လည်း ဦးဘုန်းမြင့်အောင်က ဆိုပါတယ်။

"ဒီလိုအဖြစ်မျိုးတွေတွေ့တော့လည်း သူတို့က လွယ်လွယ်ပဲသေတဲ့သူလည်းသေ၊ ဒုက္ခရောက်တဲ့သူလည်းရောက်ပေ့ါ။ ဘာမှ ထိထိရောက်ရောက် ကုမ္ပဏီဘက်ကိုကော အရေးမယူနိုင်ဘူး။နောက်ပြီးတော့ခံစားရတဲ့လူတွေဘက်ကိုလည်း ဥပဒေကြောင်းအရ ဘာမှမပေးနိုင်ဘူး။ အရင်တုန်းကတော့ တဦးနဲ့တဦးယုံကြည်မှုတွေနဲ့ လုပ်နေတာပေ့ါ။ ခုလို နင်လားငါလား တကယ်ဖြစ်တော့ တယောက်နဲ့ တယောက်က ပစ်ပစ်ခါခါကို ခံရတဲ့လူ တွေဘက်ကလည်းသူတို့မှာ ဘာမှခံစားခွင့် မရှိနိုင်ဘူးဆိုပြီး ကိုယ့်ဟာ ကိုယ်ဆေးရုံသွား၊ နာရေးဖြစ်လည်း ကိုယ့်ဘာသာကိုယ် လုပ်ပေ့ါ။ အဲလိုဖြစ်နေတာပေ့ါ"။

အခုအခင်းဖြစ်ပွားခဲ့တဲ့ ပြည်သူ့ရင်ပြင်က ရေလွှာဥယျာဉ်ကို မြို့တော်ဝန်ဦးအောင်သိန်းလင်းလက်ထက်က ခေတ်မီဥယျာဉ်ကြီးအဖြစ် တည်ဆောက်မယ်ဆိုပြီး မြို့တော်စည်ပင်သာယာရေးကော်မတီကပုဂ္ဂလိက ကုမ္ပဏီတွေကို ငှားရမ်း ခွင့်ပြုခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အန္တရာယ်ကင်းရှင်းရေးအတွက် ပြုပြင်ထိန်းသိမ်းမှုတွေကို ကုမ္ပဏီတွေဘက်က လုပ်ဆောင်မှုနည်းပါးခဲ့သလို မြို့တော်စည်ပင်ဘက်ကလည်း စစ်ဆေးမှုနည်းပါးခဲ့တာကြောင့် အခုလို သေဆုံးထိခိုက်ဒဏ်ရာရရှိမှုတွေ ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။

---

## ပြကွဒိန်မှ

**ဂျွန် ၁၆ ၊ DHAKA,AP,Mizzima ။** ဘင်္ဂလားဒေ့ရှ်သည် အငြင်းပွားဘင်္ဂလားပင်လယ်အော်ရေပြင်တွင် အမေရိကန်ကုမ္ပဏီ ကိုနိုကိုလ်ဖိလစ်ပ်စ်နှင့် ပူးပေါင်း၍ သဘာဝဓာတ်ငွေ့ရှာဖွေမည်။

**ဂျွန် ၁၆ ၊ AI ။** ။ သင်၏ မွေးနေ့နှင့် မြန်မာပြည်သူများအတွက် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရန် ကျွန်ုပ်ဆုတောင်းပါသည်။ တဦးတည်းအိပ်မက်ခြင်း၊ တောင့်တခြင်းသည် တကိုယ်ရည်အတွက်ဖြစ်၏။အများနှင့်အတူအိပ်မက်ခြင်း တောင့်တခြင်းသည် လက်တွေ့အကောင်အထည်ဖြစ်၏ဟု ဒေါ်အောင်ဆန်းစုကြည်သို့ ယိုကို အိုနိုဒီမှ မွေးနေ့သဝဏ်လွှာပို့၏။

**ဂျွန် ၁၇ ၊ Modernity ။** ။ Joseph Ball ရေးသားသည့် Confronting Democratic Modernity in Military-ruled Burma-(စစ်အစိုးရအုပ်ချုပ်ခံ မြန်မာပြည်တွင် ခေတ်မီဒီမိုကရေစီစနစ်တည်ဆောက်ရေးကို ဆန့်ကျင်တုန့်ပြန်ခြင်း) ကို Mizzima media မှ ယနေ့ထုတ်ဝေလိုက်၏။

**ဂျွန် ၁၇ ၊ BRUSSEL ။** ။ ဥရောပသမဂ္ဂအဆင့်မြင့်အဖွဲ့သည် မြန်မာနိုင်ငံရေးဆန်းစစ်ရန် မြန်မာ(ရုတ်သေးအစိုးရသစ်နှင့်၄င်း ဒေါ်အောင်ဆန်းစုကြည်နှင့်၄င်း တွေ့ဆုံဆွေးနွေးရန် ယခုအပတ်ကုန်တွင် မြန်မာသို့ရောက်ရှိမည်။

**ဂျွန် ၁၇ ၊ ABC ။** ။ တရုတ်ပြည်ဖက်သို့ ဒုက္ခသည်အုပ်စုလိုက်ထွက်ပြေးစေခဲ့သည့် အသေအပျောက်များသည့် တိုက်ပွဲများဖြစ်ပြီးနောက် မြောက်ပိုင်းတိုင်းရင်းလူနည်းစုဒေသများတွင် တိုက်ပွဲများရပ်ဆိုင်းရန် အမေရိကန်ပြည်ထောင်စုသည် မြန်မာအား တိုက်တွန်းထား၏။

**ဂျွန် ၁၇ ၊ IANS, ND ။** ။ နျူဒေလီရောက် မြန်မာတိုင်းရင်း ရှမ်း၊ ကချင်၊ ရခိုင်၊ ဒုက္ခသည်များစွာသည် ကုလမှပေးနေသည့် နည်းပါးသော ထောက်ပံ့အကူအညီငွေပင် ပိုလိုသူများရှိခြင်းအကြောင်းပြချက်ဖြင့် အဖြတ်ခံနေရပြီး အခြေခံကျန်းမာရေးဆေးကုခွင့် မဖူလုံ အတိဒုက္ခရောက်နေကြောင်း။

**ဂျွန် ၁၇ ၊ Asian Tribune ။** ။ တရုတ်သည် ကချင်ပြည်နယ်တိုက်ပွဲများတွင် ငြိမ်းချမ်းရေးညှိနှိုင်းသူ ဖြစ်သင့်သည်ဟု ဦးဇင်လင်းမှ သုံးသပ်တိုက်တွန်း၏။

**ဂျွန် ၁၇ ၊ FORTWAYNE, USA ။** ။ Logansport သို့မြန်မာမှ ဒုက္ခသည်များပြောင်းလာလျှင် ကုန်သွယ် စီးပွားတိုးတက်ခြင်း၊ အိမ်လွတ်များပြည့်ခြင်း၊ များ ဖြစ်နိုင်သည်ဟု စီးပွားတိုးတက်မှုအဖွဲ့ ့ တခုမှဆို၏။

**ဂျွန် ၁၇ ၊ Irrawaddy ။** ။ မြန်မာတွင် ဂျူလိုင်တွင်စတင်မည့် အခွန်ဥပဒေသစ်သည် ပုဂ္ဂလိကလုပ်ငန်းများနှင့် လုပ်သားများအပေါ် ဝန်ထုတ်ကြီးစေမည်ဟု ကျွမ်းကျင်သူများမှဆိုကြောင်း ကိုထွေးမှ သတင်းသုံးသပ်၏။

**ဂျွန် ၁၇ ၊ GENEVA ။** ။ မြန်မာအပေါ် ကုလစုံစမ်းစစ်ဆေးရေးကော်မရှင် COI တည်ထောင် ဖြစ်မြောက်ရေးအတွက် အမေရိကန်သည် သူ၏မဟာမိတ်များနှင့် ဆက်လက်ကြိုးပမ်းမည်ဟု ကုလလူ့အခွင့်အရေးကောင်စီ HRC ဆိုင်ရာ အမေရိကန်ကန်သံအမတ်မှ ထိုအဖွဲ့သို့ဆို၏။

**ဂျွန် ၁၇ ၊ Mizzima ။** ။ အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ခရစ်ရှနားသည် ဂျွန် ၂၀ တွင် မြန်မာသို့ သွားမည်။

**ဂျွန် ၁၇ ၊ Mizzima ။** ။ အင်းစိန်ထောင်မှ အကျဉ်းသား ၁၅၀ ကျော်အား ယနေ့အမည်မသိနေရာသို့ ပို ့ခဲ့၏။

**ဂျွန် ၁၇ ၊ Mizzima ။** ။ ရန်ကုန်တိုင်းတွင်း မြို့နယ် လေးမြို့နယ်မှ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန် လူငယ်များမှ ရန်ကုန်တွင် ပိုစတာ၊ စာရွက်၊ စာတိုက်မှ စာများပို့၍ အစိုးရသို့ တောင်းဆိုလှုံ့ဆော်၏။

**ဂျွန် ၁၅ ၊ DVB ။** ။ ရှမ်းပြည်နယ်တွင် ပျောက်နေသော တရုတ်အင်ဂျင်နီယ သုံးဦးနှင့် စကားပြန်တဦးတို့သည် ပြန်ပေးဆွဲခံခဲ့ရခြင်း ဖြစ်နိုင်ကြောင်း။

**ဂျွန် ၁၃ ၊ DVB ။** ။ မြန်မာအစိုးရသည် ဂျွန်မက်ကိန်းအား နျူကလီယာလုပ်ငန်းများရပ်ထားကြောင်း ပြောကြားခဲ့ခြင်းသည် အာရုံပြောင်းခြင်းသာဖြစ်ကြောင်း။

**ဂျွန် ၁၂ ၊ NYT ။** ။ အမေရိကန်ရေတပ်သည် မြန်မာသို့ဦးတည်နေသည့် ဒုံးလက်နက်ပစ္စည်းသယ်လာသည်ဟုယူဆရသော မြောက်ကိုးရီးယားသင်္ဘောကို အာရှနိုင်ငံများ၏သံတမန်နည်းပံ့ပိုးမှုဖြင့် လမ်းကြောင်းပြောင်း ပြန်လှည့်စေနိုင်ခဲ့၏။

# မြန်မာအလုပ်သမားများ ခွဲခြားခံရမှု အိုင်အယ်လ်အိုကို တိုင်ကြား

**DVB ၊ ဂျွန် ၁၄ ။** ။ ထိုင်းနိုင်ငံက မြန်မာအလုပ်သမားတွေ ခွဲခြားခံရမှုကို ထိုင်းဖက်စပ်အလုပ်သမားသမဂ္ဂ SERC က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမှာကျင်းပနေတဲ့အကြိမ် ၁၀၀ မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO ညီလာခံမှာ တိုင်ကြားစာတင်သွင်းလိုက်ပါတယ်။

ဒီတိုင်ကြားစာမှာ ထိုင်းအစိုးရနဲ့ ထိုင်းအလုပ်ရှင်တွေဟာ မြန်မာအလုပ်သမားတွေရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို စနစ်တကျ ဖောက်ဖျက်နေတယ်လို့ ဖော်ပြထားပါတယ်။ SERC အကြံပေး မစ္စတာစုန်းဘွန်း စက်ပစန်က····

“အလုပ်သမားစောင့်ရှောက်ရေးမှာ ထိုင်းအစိုးရက နိုင်ငံခြားအလုပ်သမားတွေကို ထိုင်းအလုပ်သမားတွေနဲ့ တန်းတူ ကျင့်သုံးဖို့ ILO ကို ကျနော်တို့ တင်ပြတယ်။ အထူးသဖြင့် အလုပ်ခွင်အတွင်း မတော်တဆဖြစ်မတွေမှာတန်းတူ လျော်ကြေးပေးဖို့။ ဒီကိစ္စမှာ ထိုင်းအစိုးရက နည်းအမျိုးမျိုးနဲ့ခေါင်းရှောင်နေတယ်။အလုပ်သမားဝန်ကြီးဌာနက လျော်ကြေးအစားအထူး ထောက်ပံ့ငွေကိုပေးဖို့လုပ်လာတယ်။ ဒါမမှန်ဘူးခင်ဗျ။ ကျနော်တို့ထိုင်းနိုင်ငံမှာ လာပြီးလုပ်တဲ့ နိုင်ငံခြားအလုပ်သမားတွေအပေါ် တန်းတူစောင့်ရှောက်မှုတွေ ပေးတာကို ကျနော်တို့ကလည်း လုပ်ရမယ်ဗျ။ ကျနော်တို့ထိုင်းတွေက နိုင်ငံခြားမှာ အလုပ်သွားလုပ်တဲ့အခါမှာ အဲဒီနိုင်ငံက ခုလိုခွဲခြား ကျင့်သုံးတာတွေကို မလုပ်လာအောင် ကျနော်တို့နိုင်ငံမှာ လာလုပ်တဲ့အလုပ်သမားတွေကို တန်းတူ ကျင့်သုံးပြဖို့ လိုတယ်”။

SERC က ILO ကို တိုင်ကြားချက်နဲ့ပတ်သက်ပြီး ထိုင်း အစိုးရလူမှုရေးထောက်ပံ့ အာမခံဌာနအတွင်းရေးမှူး မစ္စတာပန်ဝမ်နဖိနစ်ကအလုပ်သမား မှတ်ပုံတင်မရှိတဲ့ မြန်မာအလုပ်သမားတွေဟာ ဥပဒေအရဆိုရင် ပြည်ခိုးဝင်မှု နဲ့ အရေးယူပြီး မူရင်းနိုင်ငံကို ပြန်ပို့လိုက်ရမယ့်သူတွေဖြစ်တယ်လို့ မီဒီယာ္ဌတွေကိုပြောပါတယ်။ ဒါပေမယ့် အရမ်းများလွန်းလို့ ဖမ်းချုပ်ထားဖို့နေရာ ထိုင်းမှာမရှိတဲ့အတွက် သူတို့ကို ပြန်မပို့ခင်စပ်ကြားမှာ ဖမ်းချုပ်မထားဘဲအလုပ်လုပ်ပြီး ကိုယ့်စားစရိတ်ကိုယ်ရှာဖွေနိုင်ကြဖို့တနှစ်စာယာယီ အလုပ်လုပ်ခွင့်ကို ပေးထားတာဖြစ်ပြီး နောက်ပိုင်းမှာ နိုင်ငံသားစိစစ်ရေးတွေ လုပ်ပေးတာတွေ ရှိလာပြီး တချို့အလုပ်သမားတွေဟာတရားဝင်ဖြစ်လာကြောင်း၊ တရားဝင်ဖြစ်ပြီးတဲ့ အလုပ်သမားတွေကိုသာ ထိုင်းအလုပ်သမားတွေနဲ့ အဆင့်တူ လူမှုစောင့်ရှောက်ရေးဌာနက ခံစားခွင့်တွေပေးတာဖြစ်တယ်လို့ ပြောပါတယ်။

ယာယီ ထိန်းသိမ်းထားခံရသူတွေ မတော်တဆထိခိုက်ဒဏ်ရာ ရတာတွေဖြစ်ပွားရင် သူတို့ရဲ့အလုပ်ရှင်တွေက သာတာဝန်ယူရမှာဖြစ်ပါတယ် လို့လည်း မီဒီယာတွေကို ရှင်းလင်းပြောကြားပါတယ်။ ထိုင်းနိုင်ငံ ဖက်စပ်အလုပ်သမားသမဂ္ဂ SERCအကြံပေးကတော့ တရားဝင်လက်မှတ်ကိုင်ဆောင်ထားသူတွေကို ထိုင်းအလုပ်သမားတွေနဲ့တန်းတူ စောင့်ရှောက်မှုတွေပေးနိုင်တဲ့လက်တွေ့ကျတဲ့ ဥပဒေရေရေရာရာမရှိသေးဘူးလို့ဆိုပါတယ်။ ILO အလုပ်သမားညီလာခံကို တိုင်စာတင်တဲ့နေ့မှာပဲ SERC ဟာ မနေက ဘန်ကောက် မြို့ကုလသမဂ္ဂရုံးရှေ့မှာဆန္ဒပြပွဲတရပ်ပြုလုပ်ခဲ့ပါတယ်။ ဒီဆန္ဒပြပွဲမှာ မြန်မာအလုပ်သမားတွေကို ထိုင်းအစိုးရက စောင့်ရှောက်မပျက်ကွက်တာတွေနဲ့ပတ်သက်ပြီး အိုင်အယ်လ်အိုက ထိုင်းအစိုးရကို စုံစမ်းစစ်ဆေးရေးလုပ်ဖို့ တောင်းဆိုကြတယ်လို့ပြောပါတယ်။

# အာဖရိကသံအမတ် ဒေါ်စုနှင့်တွေ့ဆုံ

**RFA ၊ ဂျွန် ၁၇ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ထိုင်း နိုင်ငံ အခြေစိုက် မြန်မာနိုင်ငံ ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Douglas Gibson က ဒီနေ့ မနက်ပိုင်းမှာ သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည် နေအိမ်မှာ တနာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့တာလို့ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောပါတယ်။

တောင်အာဖရိက သံအမတ်ကြီး ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲဒီလိုတွေ့ဆုံခဲ့ပြီး မွန်းတည့် ၁၂ နာရီမှာ ဗဟန်း ရွှေဂုံတိုင်လမ်းမှာရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို သွားရောက်ပြီး၊ NLD ဒုတိယဥက္ကဌ ဦးတင်ဦးနဲ့ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ ဦးတင်ဦးက NLD ပါတီ ဆက်လက်ရပ်တည်နေပုံနဲ့ ရှေ့ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေနဲ့ပတ်သက်တဲ့ မေးမြန်းချက်တွေကို ပြည့်ပြည့်စုံစုံ ပြန်လည် ဖြေကြားတယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်၊

သံအမတ်ကြီး Mr. Gibson နဲ့ အဖွဲ့ဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းမှာနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နဲ့နေပြည်တော်မှာ တွေ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်တွေကို ဆွေးနွေးကြတယ်လို့ အစိုးရသတင်းစာတွေမှာ ဖော်ပြထားပါတယ်။

# ပြည်တွင်းစစ်ရပ်စဲရေးတောင်းဆို

**DVB ၊ ဂျွန် ၁၄ ။** ။ ပြည်တွင်းစစ်ရပ်စဲရေး၊ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးဆန္ဒပြပွဲကို အစ္စရေးနိုင်ငံမှာ ဒီနေ့မနက်က ပြုလုပ်ခဲ့ပါတယ်။Burma Action အစ္စရေး မြန်မာ့အရေးလှုပ်ရှားသူများအဖွဲ့ကဦးဆောင်ပြီး အစ္စရေးစံတော်ချိန် မနက် ၁၀ နာရီခွဲမှာ စတင်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရုပ်ပုံကားချပ်တွေ၊ ကြွေးကြော်သံစာသားတွေ ကိုင်ဆောင်ပြီး မြန်မာ့အရေးလှုပ်ရှားသူ ၂၀ လောက်တက်ရောက်ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။ ဆန္ဒပြပွဲမှာ ကိုယ်တိုင်ပါဝင်ပြီး ဦးဆောင်သူလည်းဖြစ်တဲ့ ကိုသီဟက အခုလိုပြောပါတယ်။

“ကျနော်တို့ရဲ့မြန်မာနိုင်ငံသူနိုင်ငံသားအချင်းချင်းတွေက တယောက်နဲ့ တယောက် သတ်ဖြတ်ခြင်းမလုပ်ပါနဲ့၊ ဒီလိုစစ်တိုက်နေတယ်ဆိုတာ ကောင်းတဲ့အဖြေတခုမဟုတ်ပါဘူး။ စစ်တိုက်ရင်းနဲ့ တယောက်နဲ့တယောက် အနိုင်ယူဖို့ဆိုတာ ဒီမိုကရေစီလမ်းကြောင်းကို သွားနေတာမဟုတ်ပါဘူး။ တပ်မတော်သားများအနေနဲ့လည်း စဉ်းစားလို့တတ်ပါတယ်။ လူတိုင်းမှာ စဉ်းစားတတ်တဲ့ အတွေးအခေါ်ရှိပါတယ်။ အဲဒီတော့ ဒီမိုကရေစီရရှိအောင်လို့ လက်နက်ကိုင်ပြီးတယောက်နဲ့တယောက် သတ်ဖြတ်မှ ဒီမိုကရေစီ ရမှာဆိုရင် စဉ်းစားကြည့်ပါ။လမ်းကြောင်းမှန်လား၊ မမှန်လားဆိုတာ။ အဲတော့ဒီမိုကရေစီရရှိအောင်အတူပူးပေါင်းဆောင်ရွက်ပါလို့ ကျနော့်အနေနဲ့တိုက်တွန်းချင်ပါတယ်”။

ဒေါ်အောင်ဆန်းစုကြည် အသက် ၆၆ နှစ်မှသည် သက်တော်ရာကျော်ရှည်စေကြောင်း ဆုတောင်းခဲ့ကြတယ်လို့လည်း ပြောပါတယ်။ အစ္စရေးနိုင်ငံက မြန်မာ့အရေးလှုပ်ရှားသူတွေ ခုလိုဆန္ဒပြနေချိန်ဟာ နိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသားနှစ်ထောင်ကျော် အကျဉ်းချခံထားရပြီး နယ်စပ်တွေမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ မြန်မာအစိုးရတပ်တို့ တိုက်ပွဲတွေ အကြီးအကျယ်ဖြစ်ပွားနေချိန်လည်း ဖြစ်ပါတယ်။

# ပဋိပက္ခတိုက်ပွဲတွေသတင်းများ စာပေစိစစ်ရေးက ထိန်းချုပ်ကန့်သတ်ထား

**DVB | ဂျွန် ၁၇ ။** ။ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတိုက်ပွဲတွေနဲ့ပတ်သက်ပြီး ပြည်တွင်း ဂျာနယ်သတင်းဂျာနယ်တွေမှာ ဖော်ပြခွင့်တွေကို စာပေစိစစ်ရေးက ထိန်းချုပ်ကန့်သတ်ထားတယ်လို့ ရန်ကုန် စာနယ်ဇင်းလောကသားတွေက ဆိုပါတယ်။

ရွေးကောက်ပွဲနေ့ကစတင်ပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တွေက လက်နက်ကိုင် အင်အားစုတွေနဲ့ မြန်မာ့တပ်မတော်အကြားဖြစ်ပွားနေတဲ့ တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး ဖော်ပြခွင့်တွေကို စာပေစိစစ်ရေးက ထိန်းချုပ်ကန့်သတ်ထားတာဖြစ်ပြီး အစိုးရအာဘော်ထုတ် သတင်းစာတွေမှာတောင် ဖြစ်စဉ်တွေကို ဖော်ပြခွင့်မရှိတာလည်းဖြစ်ပါတယ်။

အခုနောက်ဆုံး ဖြစ်ပွားနေတဲ့ ကချင်ပြည်နယ်အတွင်းက ကေအိုင်အေ (KIA) ကချင်လွတ်လပ်ရေး တပ်မတော်နဲ့ မြန်မာ့တပ်မတော်တို့အကြား ပဋိပက္ခတွေကြောင့်ဖြစ်ပွားလာရတဲ့ တိုက်ပွဲတွေနဲ့ ဒုက္ခသည်တွေအရေးနဲ့ပတ်သက်ပြီး စာပေစိစစ်ရေးကို တင်ပြထားပေမယ့်လည်း ခွင့်ပြုနိုင်ဖို့အခြေအနေမရှိဘူးလို့ သတင်းဂျာနယ် အယ်ဒီတာတဦးက ဆိုပါတယ်။

ဒါပေမယ့် ဂျာနယ်အများစုကတော့ ရေးသားဖော်ပြခွင့်ရမှာမဟုတ်တဲ့အတွက်မတင်ပြကြတာများတယ်လို့လည်း သူကဆိုပါတယ်။

"တင်ကြည့်တယ် အဲဒီဥစ္စာ ရတော့မှသာ တခြားကိုယ့်ဒေသတွင်းကဟာ ဘာညာလုပ်လို့ရမယ်။ ဒေသတွင်းကတော့ မလွယ်လှဘူး ဘာမှကို အရေးမခံတာလေ။ အားလုံးကတော့ လက်ရှောင်ထားကြတယ်။ ဒါက ရေးလို့ရတဲ့ဟာ မဟုတ်လောက်ဘူး ဆိုပြီးတော့မှအားလုံးကတော့ အဲဒီလို လုပ်ကြတယ်။ တချို့လောက်ပဲ သိရအောင်လုပ်နေတာလို့ထင်တယ်လေ။"

ဒါ့အပြင် ပဋိပက္ခတွေဖြစ်ပွားနေတဲ့ ဒေသရဲ့ ရွေးကောက်တင်မြှောက်ခံလွှတ်တော်ကိုယ်စားလယ်တွေကနေ ဒေသတွင်း ငြိမ်းချမ်းရေးအတွက် အစိုးရက လုပ်ဆောင်ဖို့ အရေးကြီးကြောင်းတင်ပြပြောဆိုချက်တွေကို ဖော်ပြနိုင်ဖို့ သတင်းဂျာနယ်အချို့ ကြိုးစားခဲ့ကြပေမယ့်လည်း စာပေစိစစ်ရေးက ဖြတ်ပယ်ခဲ့တယ်လို့ အခြား အယ်ဒီတာ အချို့ က ဆိုပါတယ်။ ဒီကိစ္စကိုလည်း အယ်ဒီတာက အခုလိုပြောပါတယ်။

"ရေးလို့မရတာက အရင်ကတည်းက ရေးလို့ မရတာလေ။ အခု ရေးခွင့် နည်းနည်းပါးပါးရလာတော့ ရေးလို့ရတဲ့အထဲမှာ အဲဒါ ပါသလား မပါသလားတော့ စူစမ်းကြည့်တာပေါ့နော်။ ကျနော်တို့စူးစမ်းကြည့်တာပဲ တကယ်က ရေးလို့ရတဲ့အထဲမှာမပါဘူးသူက။ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်အမတ်တွေကိုလည်း ကျနော်တို့မေးတဲ့မေး ခွန်းထဲမှာပါတယ်။ ခင်ဗျားတို့ ဒီကစ္စလွှတ်တော်မှာ ဆွေးနွေးလို့ရသလားဆိုတော့ သူတို့ကပြောတယ်၊ ဆွေးနွေးလို့မရဘူးတဲ့ ဒါတွေက။ လွှတ်တော်အမတ်တွေ ဆွေးနွေးရမယ့် ဘောင်ထဲမှာကိုမပါတာ။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာကို မပါတာ အဲဒါတွေက။"

ဒီလိုပြည်တွင်းသတင်းမီဒီယာတွေမှာ ဖော်ပြခွင့်မရရှိတာကြောင့် ပြည်ပအသံလွှင့်ဌာနတွေနဲ့ မီဒီယာတွေကိုပဲ ပြည်သူတွေ အဓိထားပြီး စောင့်ကြည့်နေရတယ်လို့လည်း အခြားဝါရင့်အယ်ဒီတာအချို့ကဆိုပါတယ်။

လက်ရှိအခြေအနေမှာတော့ ကချင်ပြည်နယ်တွင်း မြန်မာ့တပ်မတော်နဲ့ ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး တရုတ်နဲ့အမေရိကန် နိုင်ငံတို့က စစ်ဆင်ရေးများ ရပ်ဆိုင်းဖို့နဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် တွေ့ဆုံဆွေးနွေး အဖြေရှာသင့်တယ်လို့ ပြောကြားထားပါတယ်။

ဒါ့အပြင် ပြီးခဲ့သည့် ရက်ပိုင်းတွေက ကချင်ပြည်နယ်၊ မိုးမောက်ဒေသမှာ ဖြစ်ပွားခဲ့တိုက်ပွဲတွေကြောင့် ဒုက္ခသည် ၁ သောင်းကျော်လောက် တရုတ်နိုင်ငံမှာ ခိုလှုံနေကြရပါတယ်။ လက်ရှိအနေအထားမှာလည်း စစ်ပြေးဒုက္ခသည်တွေဟာ မိမိတို့အိုးအိမ်များကိုစွန့်ခွာပြီး ထွက်ပြေးနေရဆဲလို့သိရပါတယ်၊

# လူမှုရေးရန်ပုံငွေအတွက် ဒေါ်စု လှူဒါန်း

**RFA | ဂျွန် ၁၈ ။** ။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီး နောက်ပိုင်း မိတ်ဆွေတွေပေးတဲ့ လက်ဆောင်တွေကို လူမှုရေးရန်ပုံငွေရရှိအောင် ရွှေဂုံတိုင် NLD ဌာနချုပ်မှာ ပြုလုပ်နေတဲ့ ဈေးရောင်းပွဲတော်မှာ ရောင်းချဖို့ လှူဒါန်းလိုက်တဲ့အတွက် ပစ္စည်းရောင်းရငွေ ၅ သိန်းနီးပါးရရှိနေတယ်လို့ သိရပါတယ်။

နေအိမ်အကျယ်ချုပ်မှ လွတ်လာသည့် ဒေါ်အောင်ဆန်းစုကြည် နိုဝင်ဘာ ၁၄ ရက်က အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဌာနချုပ်ရုံးသို့ ရောက်ရှိလာစဉ် လူထုပရိသတ် ဝိုင်းဝန်းဆီးကြိုခဲ့ကြပါတယ်၊

ဒါနဲ့ ပတ်သက်ပြီး NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကို အခုလိုပြောပါတယ်။

"အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် လွတ်လာပြီးတဲ့နောက် လေးစားချစ်ခင်တဲ့ မိတ်ဆွေတွေက ပေးတဲ့ ပစ္စည်းတွေကို သူက လူမှုအထောက်အကူ ရန်ပုံငွေအတွက် လှူဒါန်းတဲ့အနေနဲ့ဈေးပွဲတော်မှာ ချပြီးရောင်းပါတယ်။ အဲဒီကောင်တာက ၅ သိန်းနီးပါးလောက် အများဆုံး ရောင်းချရတာကို တွေ့ရပါတယ်။ မနက်ဖြန် မနက်ပိုင်းမှာလည်း ဆက်ပြီးရောင်းချမယ်လို့ ဗဟို အမျိုးသမီးလုပ်ငန်းအဖွဲ့က ကျနော့်ကို ပြောပါတယ်"

တခြားအနယ်နယ်အရပ်ရပ်ကပစ္စည်းတွေရောင်းရငွေကလည်း သုံးရက်အတွင်း ကျပ် ၂၈ သိန်းဖိုး ရှိပြီလို့ သိရပါတယ်။

ဒီအတောအတွင်း ဒေါ်အောင်ဆန်းစုကြည်က ကွယ်လွန်သူ စာရေးဆရာ ဦးသိန်းဖေမြင့်ရဲ့ ဇနီး ဒေါ်ခင်ကြည်ကြည်ရဲ့ နှစ် ၉၀ ပြည့် မွေးနေ့ကို ဒီကနေ့ သွားရောက်အားပေးစကား ပြောခဲ့တယ်လို့ သိရပါတယ်။

# ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်မှတ်ပုံတင်ခွင့် စတင်

**RFA । ၁၅ ဇွန် ။** ။ ထိုင်းနိုင်ငံ စမုတ်ဆာခွန် ခရိုင်၊ မဟာချိုင်ဒေသမှာရှိတဲ့ တလထလေ ပင်လယ်ငါးဈေးအနီးဖွင့်လှစ်ထားတဲ့ အလုပ်သမားမှတ်ပုံတင်ရုံးကို မြန်မာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်က ထိုင်းအလုပ်သမားဝန်ကြီးချလန်ချိုင်းစီရီအွန်နဲ့အတူသွားရောက်ကြည့်ရှုပြီး အလုပ်သမားများရဲ့ မှတ်ပုံတင်ရေးကိစ္စကို အသေးစိပ်ရှင်းလင်းပြောကြားသွားကြပါတယ်။

ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမားများကို တရားဝင်မှတ်ပုံတင်ခွင့် စတင်တဲ့ ၂၀၁၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှာ ထိုင်းနိုင်ငံ စမုတ်ဆာခွန် ခရိုင်၊ မဟာချိုင်အလုပ်သမားမှတ်ပုံတင်ရုံးကို မြန်မာဒုတိယနိုင်ငံခြားရေးဝန်ကြီးဦးမောင်မြင့်က ထိုင်းအလုပ်သမားဝန်ကြီး ချလန်ချိုင်းစီရီအွန် နဲ့အတူ သွားရောက် ကြည့်ရှုပြီး အလုပ်သမားများ မှတ်ပုံတင်ရေးကိစ္စ ရှင်းလင်းပြောကြားခဲ့တယ်လို့ဆိုပါတယ်၊ ဒုဝန်ကြီး ဦးမောင်မြင့်က မှတ်ပုံတင်ရေး လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး -

"ကျန်နေတဲ့ မြန်မာအလုပ်သမားတွေ အားလုံးအတွက် တရားဝင် လမ်းကြောင်းအပေါ်ကို ရောက်လာအောင်ဆောင်ရွက်မှာဖြစ်ပါတယ်။ မနှစ်က နှစ်ကုန်မှာ လုပ်ခဲ့တဲ့ အစည်းအဝေးမှာပဲ ဒီမှတ်ပုံတင်တဲ့ သက်တမ်းကို ပြန်တိုးပေးဖို့ ထိုင်းနိုင်ငံဘက်ကို ကျနော် မေတ္တာရပ်ခံတဲ့ အခါမှာ ထိုင်းနိုင်ငံဘက်က မှတ်ပုံတင်သက်တမ်းကို တလ ထပ်တိုးပေးပါတယ်။ အဲဒီ တလအတွင်းမှာ မြန်မာအလုပ်သမားတွေ ကျန်နေတဲ့ အလုပ်သမားတွေ အားလုံး မှတ်ပုံလာတင်အောင် ကျနော်ကိုယ်တိုင်ပဲ အခု ဒီမှာ အဖွဲ့တဖွဲ့ကို ဦးဆောင်လာရောက်ပြီးတော့ သူတို့ကို အားပေးတာပါလို့ ပြောပါတယ်။

အလုပ်သမားများဟာ ထိုင်းနိုင်ငံမှာ တရားဝင်ဖြစ်လာရင် ဆေးဝါးကုသခွင့်နဲ့ နှစ်နာကြေးခံစားခွင့်တို့ အစရှိတဲ့ အလုပ်သမားအခွင့်အရေးတွေ ရရှိလာမှာဖြစ်ပါတယ်။ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့က တရားမဝင်အလုပ်သမားတွေကို တရားဝင်မှတ်ပုံတင်ရေးအစီအစဉ်ကို ထိုင်းနိုင်ငံခရိုင် ၇၆ ခုလုံးမှာ ဒီကနေ့ ကနေ ဇူလိုင်လ ၁၄ ရက်နေ့အထိ တလကြာ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်ပြီးဆုံးသွားရင်တော့ တရားမဝင်အလုပ်သမားတွေကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်သွားမယ်လို့ ထိုင်းအလုပ်သမားဝန်ကြီးက ပြောပါတယ်။

ဒါ့အပြင် အခုလိုမှတ်ပုံတင်ခွင့်ပြုတာဟာ ပုန်းရှောင်နေတဲ့ ဒီအလုပ်သမားတွေကို တရားဝင်မြေပေါ်ရောက်အောင် ထိုင်းအစိုးရအနေနဲ့ ကူညီလုပ်ဆောင်ပေးလိုက်တယ်ဆိုတာ နိုင်ငံတကာ အဖွဲ့အစည်းတွေကို သိစေချင်ကြောင်းလည်း သူကဆိုပါတယ်။

ဦးမောင်မြင့်ကတော့ "ပြည်တွင်းမှာရှိတဲ့ အလုပ်သမားတွေသာမက ပြည်ပမှာရှိတဲ့ တရားဝင်ကော တရားမဝင်ကော အလုပ်သမားတွေအားလုံးကို စောင့်ရှောက်ပေးဖို့ကတော့ ကျနော်တို့အစိုးရရဲ့တာဝန်ဖြစ်ပါတယ်။ အားလုံးကို ပြေလည်အောင် ပြီးပြတ်အောင် အခွင့်အရေးအပြည့်အဝရစေအောင် ဆက်ပြီးတော့မှကြိုးစားသွားမှာဖြစ်ပါတယ်" လို့ ဆိုပါတယ်။ အလုပ်သမားလက်မှတ်အသစ်ပြုလုပ်ပြီးတဲ့ အလုပ်သမားတွေဟာ ယာယီနိုင်ငံကူးလက်မှတ်ကို ဆက်လက်လုပ် ဆောင်ရမှာဖြစ်ပါတယ်၊ ထိုင်းနိုင်ငံအလယ်ပိုင်း နခွန်ဆဝမ်နဲ့ မဟာချိုင်ဒေသတွေမှာလည်းပတ်စပို့ရုံးတွေဖွင့်ပေးသွားဖို့ဆက်လက်ညှိနှိုင်းသွားမယ်လို့ လည်း ဦးမောင်မြင့်က ပြောသွားပါတယ်။

ထိုင်းနိုင်ငံမှာ တရားဝင်ရော တရားမဝင်ကော မြန်မာရွှေ့ပြောင်းအလုပ်သမားတွေတင်ပဲ ၂ သန်းခန့်ရှိမယ်လို့ အလုပ်သမားရေးအဖွဲ့တွေက ခန့်မှန်းထားပါတယ်၊ ဒါပေမယ့် ဒီနှစ် ဖေဖော်ဝါရီလကုန် မှတ်ပုံတင် စာရင်းအရ မြန်မာအလုပ်သမား ၇ သိန်းကျော်မှတ်ပုံတင်ထားတဲ့အတွက် ကျန်အလုပ်သမားတွေ တရားဝင်ဖြစ်ရေးအတွက်ထိုင်းအစိုးရက အခုလိုမှတ်ပုံတင်ခွင့်ထပ်မံခွင့်ပြုလိုက်တာဖြစ်ပါတယ်။

# ရန်ကုန်အစိုးရအဖွဲ့ သတင်းစာရှင်းလင်းပွဲ ဖိတ်ခေါ်ပြီးမှ ဖျက်သိမ်း

**DVB । ၁၄ ဇွန် ။** ။ ဒီကနေ့ ပြုလုပ်ဖို့ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ ဖိတ်ခေါ်ပြီးကာမှ ပြန်ဖျက်သိမ်းလိုက်တယ်လို့ ရန်ကုန်အခြေစိုက် သတင်းသမားအချို့က ပြောပါတယ်။

ဒီကနေ့ ညနေပိုင်း တိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ ပြည်လမ်းမမှာရှိတဲ့ လွှတ်တော်ရုံးမှာပြုလုပ်မယ့် သတင်းစာရှင်းလင်းပွဲကို တာဝန်ယူဆင့်ခေါ်ခဲ့တဲ့ စာပေစိစစ်ရေးက မကျင်းပနိုင်တော့ကြောင်း ညနေပိုင်းမှာ ဂျာနယ်တိုက်တွေကို ပြန်လည်အကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။ သတင်းသမားအများစုကတော့ တင်ပြထားတဲ့ မေးခွန်းတွေထဲမှာ ရန်ကုန်တိုင်းအစိုးရအဖွဲ့အနေနဲ့ ဖြေကြားဖို့ အခက်အခဲရှိစေမယ့် မေးခွန်းတွေပါနေတာကြောင့် ရွှေ့ဆိုင်းလိုက်တာဖြစ်နိုင်တယ်လို့ ရန်ကုန်က သတင်းဂျာနယ် အယ်ဒီတာတဦးက ပြောပါတယ်။

"ကြည့်ရတာတော့ ဒီအပတ်ကို publish လုပ်ပြီးမှ သူတို့စီကို ဒီအပတ်ထမေးမှာ၊ မေးမှာဆိုတော့ စကားတွေက ပြင်းတာတွေပါတယ်။ သူတို့ဘက်ကပြောမယ်ဆိုရင် ကိုယ့်စီမှာ တင်ပြစရာတွေ ပြောစရာတွေက အများကြီးပဲလေ။ အဲဒါမျိုးတွေကျရင် သူတို့မှာ ဖြေစရာမရှိဘူး။ အဲဒါမျိုးတွေ တော်တော်များများပါသွားလို့ပဲ ရွှေ့လိုက်လားပေ့ါ။ ဒီနေ့တော့ ပျက်သွားတယ်။ နေပြည်တော်မှာလည်း တော်တော်များများရောက်နေကြတာကို။ ဒီနေ့ နေပြည် တော်မှာ e-government workshop ရှိတော့ အဲဒီကို တော်တော်များများသွားကြတယ်ထင်တယ်။ ပြန်လုပ်မယ်လို့လည်း ပြောနေတာပဲ။ ဟိုမှာက ဒီနေ့ရယ် မနက်ဖြန်ရယ်ဆိုတော့ လူတော်တော်များများပါသွားလို့ ဒီနေ့ဟာကို ရွှေ့လိုက်လားမသိဘူး"။

ဒီသတင်းစာရှင်းလင်းပွဲကို တက်ရောက် သတင်းယူမယ့် ဂျာနယ် တွေက သတင်းထောက်တွေ၊ အယ်ဒီတာတွေဟာ ဒီလ ၁၃ ရက်နေ က နောက်ဆုံးထားပြီး စာပေစိစစ်ရေးကို ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်အမှတ်၊ ကင်မရာအမျိုးအစား၊ ဟန်းဖုန်းအမျိုးအစား၊ အသံဖမ်းစက် အမျိုးအစားတွေကအစ အစိုးရအဖွဲ့ကိုမေးမြန်းမယ့် မေးခွန်းတွေကိုပါ ဂျာနယ်အယ်ဒီတာချုပ်တွေရဲ့ ခွင့်ပြုချက်လက်မှတ်နဲ့ ပေးပို့တင်ပြထားခဲ့ကြရတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ သတင်းစာရှင်းလင်းပွဲတွေကို ပြီးခဲ့တဲ့ မေလ ၁၀ ရက်နေက တကြိမ်၊ မေလ ၁၇ ရက်နေ့မှာ တကြိမ်ကျင်းပခဲ့ပြီး ဒီသတင်းစာရှင်းလင်းပွဲရဲ့ ရုပ်သံမှတ်တမ်းကို ဒီဗွီဘီက ထုတ်လွှင့်ခဲ့တယ်ဆိုတဲ့အကြောင်းပြချက်နဲ့ သတင်းစာရှင်းလင်းပွဲတွေကို ရပ်နားခဲ့အပြီး အခုလိုကန့်သက်ချက်တွေနဲ့ ပြန်လည်ပြုလုပ်လာတာလည်းဖြစ်ပါတယ်။ ဒီလိုသတင်းစာရှင်းလင်းပွဲကို ကန့်သက်ချက်တွေပြုလုပ်လာတာကြောင့် သတင်းသမားတွေအနေနဲ့ အခက်တွေ့စေတဲ့အပြင် အစိုးရအဖွဲ့က လုပ်ဆောင်နေတဲ့အချက်တွေကိုသာ အဓိကထားပြောကြားလေ့ရှိတာကြောင့် မီဒီယာတွေကိုခေါ်ယူအသုံးချသလိုဖြစ်နေတယ်လို့လည်း ဝေဖန်ပြောဆိုနေကြပါတယ်။

# တော်လှန်စစ်

**ခင်မမမျိုး**

၂၀၁၁ ခုနှစ်မှာ အာရပ်ကမ္ဘာရဲ့ တော်လှန်ရေးဖြစ်ပွားရာမှာ နိုင်ငံတိုင်းမှာ Civil Society အားကောင်းခြင်းဆိုတဲ့ တော်လှန်စစ်ရေခံမြေခံရှိထားကြောင်း ပညာရှင်တေကွ လေ့လာတွေ့ ရှိခဲ့ကြပါတယ်။

## နိုင်ငံရေးစစ်

တော်လှန်စစ်ရဲ့ instrument of war က နိုင်ငံရေးဖြစ်တဲ့ အတွက် တော်လှန်စစ်တိုင်းဟာ နိုင်ငံရေးစစ် (political war) ပဲဖြစ်ပါတယ်။ တော်လှန်စစ်မှာ လက်နက်ကိုင်တော်လှန်ရေး အင်အား စုပဲရှိလို့ မရနိုင်ပါဘူး။ ပါတီတခု (သို့မဟုတ်)ပါတီပေါင်းစုံ စုဖွဲ့ထားတဲ့ ညွန့်ပေါင်းအဖွဲ့ အစည်း (သို့မဟုတ်) ညွန့်ပေါင်းအစိုးရတရပ် ဆိုတဲ့ political establishmentတရပ် ရှိဖို့ လိုအပ်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေက အဆိုပါ political establi sh ment ရဲ့ military wing (သို့မဟုတ်) တပ်ပေါင်းစုတွေအနေနဲ့ တိုက်ပွဲဝင်ရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ပဲpolitical establishment မရှိပဲလက်နက်ကိုင်တော်လှန်ရေးအင်အားစုပဲရှိနေရင် (သို့မဟုတ်) political esta blishment နဲ့လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေအောင် ပွဲရဖို့ခဲယဉ်းပါတယ်။ political establishmentဆိုရာမှာလဲ တရုတ်ပြည်မှာကဲ့သို့တပါတီတည်းက ဦးဆောင်တိုက်ပွဲဝင်တာမျိုးမဟုတ်ပဲ၊ မဟာမိတ်တပ်ပေါင်းစုတွေအနေနဲ့စုစည်းမှုရှိနေရင်၊တိုက်ပွဲကာလ နိုင်ငံရေးဘုံရည်မှန်းချက်ရှိမှသာအင်အားဖြစ်နိုင်ပါတယ်။ ရန်သူရဲ့ စေ့စပ်မှုကိုဘယ်လိုအခြေခံအကြောင်းတရားတွေ အောင်နိုင်ပြီးမှလက်ခံမယ်ဆိုတဲ့အချက်ကို ကြိုတင်သဘောတူ ညှိနှိုင်းထားနိုင်မှသာ တော်လှန်စစ်ကို အင်အားဖြစ်စေမယ့် မဟာမိတ်တပ်ပေါင်းစုဖြစ်လာမှာပါ။ တဖွဲ့က တိုက်လိုက်၊ တဖွဲ့ကစေ့စပ်ဆွေးနွေးဖို့ကမ်းလှမ်းလိုက်၊ တဖွဲ့ကလက်နက်ချလိုက်ဖြစ်နေတဲ့ တပ်ပေါင်းစုတော်လှန်စစ်ဟာ ဘယ်သောအခါမှ အောင်မြင်မှာမဟုတ်ပါ။ တော်လှန်စစ်ဟာ နိုင်ငံရေးစစ်ဖြစ်တဲ့အတွက် တိုက်ပွဲကာလ နိုင်ငံရေးဘုံရည်မှန်းချက်ကိုညှိနှိုင်းချမှတ်နိုင်မှသာ တပ်ပေါင်းစုတွေဦးဆောင်တဲ့တော်လှန် စစ်အောင်မြင်မှာဖြစ်ပါတယ်။

## တော်လှန်စစ် သဏ္ဍာန်

နိုင်ငံရေးအတွေးအခေါ်နဲ့ တော်လှန်ရေးသဘောတရားတွေပေါ် မှာအခြေခံပြီး တော်လှန်စစ်ရဲ့ မဟာဗျူဟာ သဏ္ဍာန်(strategic pattern) တွေ ကွဲပြားခြားနားပါတယ်။ ကမ္ဘာတဝှမ်းက တော်လှန်ရေး အများစုမှာတော့ တော်လှန်စစ်သဏ္ဍာန်က ပါတီထောင်ခြင်းနဲ့အစပြုပါတယ်။ နိုင်ငံရေးအခြေအနေပေါ်မူတည်ပြီး မြေပေါ် (သို့မဟုတ်)မြေအောက်ပါတီတရပ်ကို ခိုင်ခိုင်မာမာစုဖွဲ့တည်ထောင်ဖို့လိုအပ်ပါ တယ်။ ဒီပါတီမှာ လူထုလူတန်းစားအလွှာပေါင်းစုံ ပါဝင်လာအောင်စည်းရုံးလှုံ့ဆော်ဖို့ လိုအပ်ပါတယ်။ တတ်သိပညာရှင်များနဲ့ တက္ကသိုလ်ကျောင်းသားများဟာ ပါတီတရပ်ရဲ့ ardour လဲဖြစ်၊ brain လဲဖြစ်တဲ့အတွက် ပညာတတ်တွေ ပေါင်းစည်းပါဝင်လာအောင်ပါတီခေါင်းဆောင်များက ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ကျစ်လျစ်ခိုင်မာတဲ့ ပါတီတရပ်က ပေါ်ပေါက်လာပြီးချိန်မှာတပ်ပေါင်းစု (United Front) ပေါ်ထွက်လာရေးအတွက် မဟာမိတ်ဆက်ဆံရေးတည်ထောင်ဖို့လိုပါတယ်။ တပ်ပေါင်းစုဆိုတာခေါင်းမိုးချင်းထိစပ်တာဖြစ်ပါတယ်။ ခိုင်ခိုင်မာမာအုတ်မြစ်ချထားတဲ့အကာအရံရှိတဲ့အဆောက်အအုံတွေရဲ့ ခေါင်မိုးချင်းထိစပ်မှသာ အကျိုးရှိပါတယ်။ အုတ်မြစ်မရှိ၊ အကာအရံမရှိပဲ ခေါင်းမိုးတွေပဲ လိုက်ထိစပ်နေလို့ကတော့ ခေါင်မိုးရောင်စုံမြေမှာ ဖြန့်ခင်းထားသလိုပဲ ဖြစ်ပြီး၊ တော်လှန်စစ်အတွက် အကျိုးရှိမယ့် အင်အားကိုဖြစ်ထွန်းစေနိုင်မှာ မဟုတ်ပါဘူး။ တပ်ပေါင်းစုပေါ်ထွက်လာရေးဟာ အရေးကြီးပေမယ့် တပ်ပေါင်းစုပေါ်ထွက်ရုံနဲ့အောင်ပွဲကို မဆောင်ကျဉ်းနိုင်ပါဘူး။ Minimum Common Prog ramme ကို တပ်ပေါင်းစုအကြား ကြေလည်အောင်ချမှတ်နိုင်မှာသာ အောင်ပွဲရရေးအတွက် အထောက်အကူဖြစ်ပါ တယ်။တပ်ပေါင်းစုတွေရှိလာတဲ့အခါမှာတော့ လူထုတိုက်ပွဲ၊ လက်နက်ကိုင်တော်လှန်ရေး၊ မြို့ပြပြောက်ကျားနဲ့ Movement Warfare တွေကို အဆုံးသတ်အောင်ပွဲရရှိချိန်အထိအကောင်အထည် ဆက်လက်ဖော်ဆောင်ရမှာဖြစ်ပါတယ်။

တော်လှန်စစ်မှာ အဆုံးသတ်အောင်ပွဲရရှိဖို့အတွက်အရေး ကြီးဆုံး နောက်ဆုံးအချက်ကတော့ psychological superiority ပဲဖြစ်ပါတယ်၊ ပန်းတိုင်မရောက်ခင် တက်မ ထောင်တတ်တဲ့ လေ့တွေကိုဖျောက်ဖျက်နိုင်ဖို့လိုအပ်ပါတယ်။ အဆုံးသတ်အောင်ပွဲဟာအာဏာရှင် (သို့မဟုတ်) အာဏာရှင်ကြီးကိုင် အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကိုဖြိုဖျက်ပြီး၊ သင့်လျော်မယ့်အုပ်ချုပ်ရေးယန္တရားကို ယာယီဖြစ်စေအစား ထိုးနိုင်မှရရှိမှာဖြစ်ပါတယ်။

အုပ်ချုပ်ရေးယန္တရားမပြိုခင်နဲ့ ပြိုကျပြီး အချိန်တွေမှာ အာဏာရှင်တွေဘက်က စေ့စပ်ဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးကမ်းလှမ်းမှု (negotiation and peace offers) တွေ ပေါ်ထွက်လာတတ်ပါတယ်။ တဘက်ရန်သူရဲ့ time buying မဖြစ်စေဖို့ ဂရုစိုက်ရန် အလွန်အရေးကြီးပါတယ်။ တူနဲ့ရိုက်ခွဲရတဲ့ ရေခဲတုန်းတခုကို နေပူပူမှာ အချိန်အတိုင်းအတာတခုအထိချထားလိုက်ရင် ရိုက်ခွဲဖို့မလိုပဲ အလိုလို အရည်ပျော်ကျသွားတတ်ပါတယ်။ တော်လှန်စစ်မှာလဲ ရန်သူက time buying မလုပ်သွားအောင် သတိပြုဖို့လိုပါတယ်။

## နိဂုံး

နိုင်ငံတနိုင်ငံမှာ အုပ်ချုပ်ရေးအာဏာ၊ တရားဥပဒေ ပြုရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေ ရောထွေးပြီး (separation of powers) အားနည်းနေချိန် (သို့မဟုတ်) မတရားမှုဟာ ဥပဒေဖြစ်ချိန်

**စာမျက်နှာ ၁၈ သို့**

# တိုက်ပွဲအတွင်း နအဖစစ်သား ၆ ယောက်ကို ကေအိုင်အေ ဖမ်းဆီး

**VOA ၊ ဂျွန် ၁၇ ။** ။ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) နဲ့ မြန်မာအစိုးရအကြား တိုက်ပွဲတွေဟာ ပိုပြီးပြင်းထန်လာသလို အထိအခိုက် အကျအဆုံးတွေလည်း ပိုလာပါတယ်။ KIA ဘက်က ပြည်တွင်းစစ်အထိ တိုက်သွားမယ်လို့စစ်ကြေညာပြီး ၃ ရက်အကြာ ဒီကနေ့အထိ KIA ဘက်က တိုးစစ်ဆင်နိုင်တဲ့ အနေအထားတော့ မရှိသေးပါဘူး။ ထိုးစစ်ဆင်လာတဲ့ မြန်မာစစ်တပ်တွေကို ခံစစ်အနေနဲ့ တိုက်ခိုက်နေရဆဲရှိပါတယ်။ ဒါပေမဲ့ စစ်သားတွေ တင်ဆောင်လာတဲ့ မြန်မာစစ်ကားအချို့ကို တိုက်ခိုက် ဖျက်ဆီးနိုင်ခဲ့ပြီး မြန်မာဘက်က စစ်သား ၆ ဦးကို ဖမ်းဆီးထားလိုက်နိုင်တယ်လို့ KIA အရာရှိတွေကပြောပါတယ်။ KIA နဲ့ မြန်မာအစိုးရ တပ်တွေအကြား တိုက်ပွဲနောက်ဆုံးအခြေအနေကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နူးပန်ကတင်ပြပေးထားပါတယ်။

ကချင်လွတ်လပ်ရေးတပ်ဖွဲ့ (KIA) ဟာ အစိုးရတပ်တွေ လက်နက်ကြီးတွေနဲ့စစ်အင်အားတွေ သယ်ယူပို့ဆောင်မှုကိုဖြတ်တောက်တဲ့ အနေနဲ့ တံတားတွေ ဖောက်ခွဲခဲ့ရာမှာ တပ်ရင်းမှူးနဲ့ တပ်သားတွေ ၁၀ ယောက်ထက်မနည်း ကျသွားခဲ့ပြီး ၆ ယောက် ဖမ်းဆီးနိုင်ခဲ့တယ်လို့ ဗဟို KIO အရာရှိတွေက အတည်ပြုပြောပါတယ်။

KIA တပ်မဟာ ၂ ရှိရာ တနိုင်းဘက်မှာ မြန်မာတပ် ခမရ ၂၉၇ က အမြောက်ကားတွေ၊ လက်နက်ကြီးတွေနဲ့အတူ ချဉ်းကပ်လာချိန်မှာ ပစ်ခတ်ခဲ့ပြီး တံတားနဲ့အတူ ကားကို ဗုံးဖောက်ခွဲ ဖျက်ဆီးခဲ့ရာမှာ ၁၀ ယောက်ကျသွားတာလို့ KIA အရာရှိ တယောက်က ကချင်လို အတည်ပြု ပြောပါတယ်။

"ကားဖောက်ခွဲဖြစ်တာကတော့ ဗန်းမော်လမ်းဘက်မှာရှိတယ်၊ တနိုင်းလမ်းဘက်မှာရှိတယ်။ သူတို့ဘက်ကနေ ထိုးစစ်ဆင်လာတာမျိုးဖြစ်လာတာကို ကျနော်တို့ဘက်ကနေ ပစ်တယ်ဆိုတာမျိုးပဲ ရှိပါတယ်။ တနိုင်းလမ်းဘက်က ယုဇနကုမ္ပဏီလုပ်ထားတဲ့ တံတားမှာ အဲဒီကတပ်ရင်းမှူးတွေလာကြည့်ပြီး လာတိုက်တာပေါ့။ အဲဒီမှာတံတားကိုဖောက်ခွဲလိုက်တာ။"

အဓိက KIA ဘက်က မြန်မာတပ်တွေရဲ့ လက်နက်ကြီးတွေဖြတ်လို့မရအောင် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး အခုချိန်ထိ တံတား ၁၀ စင်းအထက် ဖျက်ဆီးခဲ့ပြီလို့လည်း အရာရှိတွေက ပြောပါတယ်။

မြန်မာတပ်တွေနဲ့တိုက်ပွဲဖြစ်ပွားချိန်တွင်း ကား ၂ စီးကို ဖောက်ခွဲခဲ့တာဖြစ်ပြီး ရှမ်းပြည်မြောက်ပိုင်း မူဆယ်၊ မန္တလေးကားလမ်းအရှေ့ဘက် မူဆယ် နမ့်ဖတ်ကာကြား တပ်မဟာ ၄ လက်အောက်ခံတပ်ရင်း ၈ နယ်မြေ နမ့်မတူရွာက မြန်မာတပ်ခြေမြန်တပ်ရင်း ၃၄၂ စခန်းမှူးအပါအဝင် တပ်သားတွေကို ဖမ်းဆီးခဲ့ခြင်းဖြစ်တယ်လို့ ဆက်ပြောပါတယ်။

"ကျနော်တို့ ပို့စ် တပ်ရင်း ၈ ကပါ။ အဲဒီကနေ မြန်မာစစ်တပ်တွေရှိတဲ့ ရွာမှာဝင်ပြီး သေနတ်တော့ ပါပေမဲ့ မဖောက်ခဲ့ဘူး။ တပ်ရင်းမှူးအပါအဝင် တပ်သားတွေ ၆ ယောက်ကို ဖမ်းလိုက်တယ်။ အကြိတ်အနယ် ပစ်ခတ်ကြတာတော့မရှိသေးဘူး။ ဟိုမှာနည်းနည်း၊ ဒီမှာ နည်းနည်း ပြောက်ကျား ပစ်ခတ်တာမျိုးတော့ရှိတယ်။ ကျနော်တို့ ဘက်ကလည်း ပရမ်းပတာမလုပ်သေးပါဘူး။"

ဒီကနေ့ မနက်ပိုင်းမှာလည်း KIO ဌာနချုပ် လိုင်ဇာသွားလမ်း KIO မလိချောင်းရေ ရေအားလျှပ်စစ်ထုတ်လုပ်တဲ့ နေရာမှာ မြန်မာတပ်တွေနဲ့တိုက်ပွဲငယ် ၂ နာရီခန့် ဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။ နှစ်ဘက် အကျအဆုံးမရှိပေမဲ့ အခုချိန် ဒဘတ်ရွာတွင်း မြန်မာစစ်တပ်တွေက တပ်ချနေတဲ့အတွက် ဒေသခံတွေကြောက်လန့်နေကြပါတယ်။

ခုချိန်မှာလည်း KIO ခေါင်းဆောင်တွေနဲ့ ကချင်အမျိုးသားများအတိုင်ပင်ခံအဖွဲ့တို့ဟာ ရှေ့ခရီးအတွက် ဌာနချုပ်လိုင်ဇာမှာအစည်းအဝေးပြုလုပ်နေပြီး တဘက်မှာလည်း မြန်မာစစ်တပ်နဲ့ KIA တပ်ရင်း ၅ ဆင်ဘိုမှာ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားနေတယ်လို့အရာရှိတွေက ပြောပါတယ်။ တိုက်ပွဲဖြစ်ပွားခဲ့တဲ့အတွက် တရုတ်ပြည်ကို ထွက်ပြေးတိမ်းရှောင်နေတဲ့ ဗန်းမော်ဒေသခံတွေဟာ မြန်မာတပ်တွေက ညမထွက်ရအမိန့် ထုတ်ထားတဲ့အတွက် လူငယ်တွေကလည်းကြောက်လန့်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

KIA တပ်မဟာ ၁ နယ်မြေနဲ့နီးစပ်တဲ့ ရပ်ရွာတွေမှာ အာဏာပိုင်တွေက တံတားတွေကို လုံခြုံရေးယူ စောင့်ကြည့်ခိုင်းထားတယ်လို့ တန်ဖရဲ ဒေသခံအမျိုးသမီးက ကချင်လို ပြောပါတယ်။

"ရွာက တံတားတွေမှာတော့ ကိုယ့်ရပ်ရွာက တံတားမှာ ကိုယ်စောင့်ရမယ်လို့ ပြောတယ်။ အခု ရွာအောက်ပိုင်းက တံတားမှာကျတော့ မီးသတ်အဖွဲ့တွေက စောင့်နေတယ်။ ရွာထိပ်ဘက်မှာကျတော့ ရွာသားတွေ ၇ အိမ် တလှည့်စီ စောင့်ကြည့်ခိုင်းနေတယ်။ တံတားတွေက ရွာတဝိုက်မှာ အကြီးအသေးရှိတယ်လေ။"

နောက် မြစ်ကြီးနားမြို့တွင်းမှာလည်း မြန်မာတပ်တွေ လုံခြုံရေးအပြည့်ယူထားပြီး မီးသတ်၊ ရဲတွေက စစ်ရေးလေ့ကျင့်မှုတွေ လုပ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။ KIA က ခံစစ်ကို ဦးတည်တိုက်ခိုက်နေပြီး မြန်မာတပ်တွေက လက်နက်ကြီးတွေနဲ့ စစ်ရေးပြင်ဆင်မှုတွေ လုပ်နေဆဲဖြစ်တဲ့အတွက် မြန်မာနဲ့ KIA ကြား စစ်ပွဲဟာ ချက် ချင်းတည်ငြိမ်သွားဖို့ အခြေအနေမရှိဘူးလို့လည်း ကချင် နိုင်ငံရေးသမားတွေက သုံးသပ်နေကြပါတယ်။

အခုချိန် တိုက်ပွဲကြောင့် စစ်ပြေးဒုက္ခသည်တွေ တရုတ်နိုင်ငံဘက်ကို အဆက်မပြတ် ထွက်ပြေးတိမ်းရှောင်နေကြရပြီး လူဦးရေ ၁၀,၀၀၀ ကျော် ရှိနေပြီလို့လည်း KIA အရာရှိတွေက ပြောပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

(သို့မဟုတ်) လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတွေ မရှိချိန် (သို့မဟုတ်) လူမျိုးရေး တန်းတူညီမျှမှု မရှိချိန် (သို့မဟုတ်) ပြည်သူ့အာဏာကို မတရားရယူခံထားရချိန်တွေမှာ တော်လှန်စစ်တွေပေါ် ထွက်လာတတ်ပါတယ်။ တော်လှန်ရေးရဲ့ အဆုံးသတ်ပန်းတိုင်က အုပ်ချုပ်ရေးယန္တရားကို ဖြိုချပြီး၊ သင့်လျော်မယ့် ယန္တရားတခုကို ယာယီဖြစ်စေ၊ ရေရှည်ဖြစ်စေ အစားထိုးနိုင်ရေးဖြစ်ပြီး၊ တော်လှန်စစ်အောင်မြင်ရေးဟာ အတွေးအခေါ်နှင့် ယုံကြည်ချက် ခိုင်မာမှုပြည်သူလူထုကို စည်းရုံးနိုင်မှုနဲ့ political establishment တည်ရှိမှုတို့အပေါ်မှာ မူတည်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ရေအားလျှပ်စစ်စက်ရုံထဲ ပိတ်မိနေသည့် တရုတ်လူမျိုးများ ပြန်လည်ထွက်ခွာ

**DVB ၊ ဂျွန် ၁၄ ။** ။ မြန်မာအစိုးရတပ်နဲ့ ကေအိုင်အေတိုက်ပွဲကာလ အတွင်း တာပိန်းရေအား လျှပ်စစ်စက်ရုံဝင်းထဲက မြန်မာစစ်တပ်လက်ထဲမှာ ပိတ်မိနေတဲ့ တရုတ်လူမျိုးဝန်ထမ်း ၃၀ လောက် ဒီနေ့မွန်းလွဲပိုင်းမှာ ထွက်ခွင့်ရသွားပါပြီလို့ KIO တွဲဘက် အထွေထွေအတွင်းရေးမှူးဦးလနန်းကပြောပါတယ်။

“ကျနော်တို့ဘက်ကနေ ဓားစာခံအဖြစ်နဲ့ ဖမ်းထားတာမဟုတ်ဘူး။ အဲဒီမှာ တရုတ်တွေတိုင်ကြားလာတာတော့ သူတို့ရဲ့ တရုတ်အစိုးရ ကိုယ်တိုင်က သူတို့ တရုတ်တွေကို အဲဒီဗမာစစ်တပ်တွေက လူဒိုင်းအဖြစ်လုပ်ထားတယ်။ ဒီနေ့နေ့လယ်မှာ အဲဒီတရုတ်တွေအားလုံး ထွက်ခွင့်ပေးလိုက်ကြတယ်။ ကျနော်တို့ဘက်ကလည်း လမ်းပြန်ဖွင့်ပေးလိုက်ပြီးတော့ တရုတ်လူမျိုး ၃၀ကျော်ကို ဒီနေ့တရုတ်အချိန် ၁ နာရီကျော်မှာ အားလုံးပြန်ထွက်သွားကြပြီ၊ သူတို့တရုတ်အချင်းချင်းကလည်း သူတို့မရှိတော့တဲ့အခါမှာ စက်ရုံအတွက် ပိုပြီးတော့ ပျက်စီးမှုမရှိအောင်ဆိုပြီးတော့ ရေကာတာလုပ်ထားတဲ့ရေတွေကို အကုန်လုံးဖွင့်လိုက်ပြီးပြီ။ အခုက စက်ရုံလည်ပတ်မှုလည်း ရပ်တန့်နေပြီ”။

ရေအားလျှပ်စစ်စက်ရုံဝင်းမှာတော့ မြန်မာဝန်ထမ်း ၄၀ လောက်ကျန်ရှိနေသေးတယ်လို့သိရကြောင်း ဦးလနန်းကပြောပါတယ်။ အစိုးရဘက်ကတောင်းဆိုချက်ကြောင့် ဗိုလ်မှူးကြီးအောင်ဒူး ဦးဆောင်တဲ့ စစ်သားအင်အား ၃၀ ကို တာပိန်းရေအား လျှပ်စစ်စက်၊ လုံခြုံရေးတပ်စခန်းထဲကို ဒီလ ၉ ရက်မှာ ကေအိုင်အေဘက်က ဝင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ အဲဒီတပ်ဖွဲ့ဟာ မူလပြောခဲ့တဲ့ အတိုင်း နောက်တနေ့မှာပြန်မဆုတ်တော့ဘဲ ကေအိုင်အေကို ဘွန်ဆမ်တပ်စခန်းကနေ ဆုတ်ခွာဖို့ ရာဇသံပေးလာတာလို့ ဦးလနန်းက ရှင်းပြပါတယ်။ဗိုလ်မှူးအောင်ဒူးဟာ ရေအားလျှပ်စစ်တပ်စခန်းကနေကေအိုင်အေဘက်ကို ပစ်ခတ်တိုက်ခိုက်ဖို့ လုပ်ဆောင်တဲ့အတွက်ကြောင့် ကေအိုင်အေဘက်က ပစ်ခတ်တိုက်ခိုက်ခဲ့ရတာလို့လည်း ဦးလနန်းက ရှင်းပြပါတယ်။

“ဗိုလ်မှူးကြီးအောင်ဒူးကနေပြီးတော့ အဲဒီမှာအခြေချပြီးတော့ ကျနော်တို့ဘက်ကို သေနတ်နဲ့လှမ်းပစ်တယ်။ လက်နက်ကြီးနဲ့ထုတယ်။ နောက်ပြီးတော့ အဲဒီကနေ ယူထားတဲ့ဗျူဟာတွေကို ပစ်မှတ်တွေဘာတွေ ရှာပေးတယ်။ သူတို့တောင်ကုန်းစခန်းကို။ နောက်ဆုံးအနေနဲ့ ကျနော်တို့ဘက်ကလည်း လုံးဝမတတ်သာတဲ့အဆုံး အဲဒီဗိုလ်မှူးကြီးအောင်ဒူးနေတဲ့ လူတွေရဲ့တပ်စခန်းအိမ်ကို လက်နက်ကြီးနဲ့လှမ်းပစ်လိုက်တယ်။ တရုတ်တွေတော့ မထိဘူး။ သူတို့တပ်ဖွဲ့ဝင်တွေရယ်ဗျူဟာမှူးဖြစ်တဲ့ဗိုလ်မှူးကြီးအောင်ဒူးလည်းထိသွားတယ်”။

ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားတဲ့ ဗိုလ်မှူးကြီးအောင်ဒူးနဲ့ တပ်ဖွဲ့ဝင်တွေ ကို မနေ့ မွန်းလွဲပိုင်းမှာ ဗန်းမော်ဆေးရုံကို သယ်သွားပြီလို့ သတင်းရရှိပါတယ်။ မြန်မာအစိုးရတပ်ရဲ့၊ လက်နက်ကြီးနဲ့ရိက္ခာတွေ ဘွန်ဆန်းစစ်မြေပြင်ဘက်ကို သယ်ဆောင်မှုကို ဖြတ်တောက်နိုင်ဖို့ နမ့်ဖက်ခါချောင်းတံတားကို ကေအိုင်အေဘက်က ဒီမနက် သုံးနာရီခွဲမှာ ချိုးဖျက်လိုက်ပြီလို့ ကေအိုင်အေဘက်က နောက်ဆုံးသတင်းရရှိပါတယ်။

---

# အမျိုးသားလွှတ်တော်အမတ်နဲ့ NDA-K ခေါင်းဆောင်နှစ်ဦး နေအိမ်အကျယ်ချုပ် ချထားခံလိုက်ရ

**VOA ၊ ဂျွန် ၁၅ ။** ။ အပစ်အခတ်ရပ်စဲရေးပျက်ပြယ်ပြီး တိုက်ပွဲတွေဖြစ်တဲ့အထိ KIA နဲ့ မြန်မာတပ်တွေအကြား တင်းမာနေချိန်မှာ ဖျက်သိမ်းလိုက်ပြီဖြစ်တဲ့ ကချင်ဒီမိုကရေစီသစ်တပ်မတော် NDA-K ခေါင်းဆောင်လည်းဖြစ် လက်ရှိ အမျိုးသားလွှတ်တော်အမတ် ဦးစခုန်တိန့်ယိန်းကို သူ့နေအိမ်မှာ ထိန်းသိမ်းထားလိုက်တယ်လို့ ဆွေမျိုးနီးစပ်တော်သူတဦးကပြောပါတယ်။

သူနဲ့NDA-Kခေါင်းဆောင်ဟောင်းနောက်တယောက်ကိုလည်း ကချင်ပြည်နယ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်ရဲ့အမိန့်နဲ့ မြစ်ကြီးနားနေအိမ်မှာ ပြင်ပကိုထွက်ခွာခွင့် ပိတ်ပင်လိုက်တာဖြစ်ပါတယ်။

နယ်ခြားစောင့်တပ်ဖွဲ့စည်းခဲ့တဲ့ကချင်ပြည်နယ်ဒီမိုကရေစီသစ်တပ်မတော် NDA-K ရဲ့ စစ်ဦးစီးချုပ်ဟောင်းဖြစ်ခဲ့တဲ့ ဦးဝေါ့လော်နဲ့ ခေါင်းဆောင်ဟောင်းဖြစ်ခဲ့တဲ့ အမျိုးသားလွှတ်တော်အမတ် ဦးစခုန်တိန့်ယိန်းကို နယ်ခြားစောင့် NDA-K တပ်နဲ့ အဆက်အသွယ်မရအောင် မြန်မာအစိုးရက ဖြတ်တောက်လိုက်ခြင်းဖြစ်တယ်လို့ မိသားစုဝင်တွေနဲ့နီးစပ်သူတွေကပြောပါတယ်။

ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရတောင်းဆိုထားတဲ့ နယ်ခြားစောင့်တပ်ကို အလွယ်တကူသဘောတူညီဖွဲ့စည်းခဲ့တဲ့ စစ်ဦးစီးချုပ်ဟောင်းနဲ့ဦးစခုန်တိန့်ယိန်းဟာ သူတို့ရဲ့တပ်ဖွဲ့ဟောင်းတွေမှာ ဩဇာညောင်းသူဖြစ်တဲ့အတွက် အခုလိုပိတ်ပင်ခံရတာဖြစ်တယ်လို့လည်း သူတို့နဲ့နီးစပ်တဲ့ဒေသခံက ကချင်လိုပြောပါတယ်။

“သူ့ကို မြစ်ကြီးနားမှာပဲ ဘယ်မှမသွားနဲ့လို့ပြောထားတယ်တဲ့။ သူတို့ ၂ ယောက်ရဲ့ဩဇာအာဏာအဟောင်းတွေ၊ သူတို့ ၂ ယောက်ကို ယုံကြည်တဲ့သူတွေရှိဦးမယ်ဆိုပြီး လုပ်တဲ့သဘောပေါ့။ သူ့တပ်ဖွဲ့က လူတွေကို ရှေ့တန်းမှာသုံးတယ်ပြောတယ်။ အဲဒါကြောင့် သူတို့ ၂ ယောက်ကိုထိန်းသိမ်းထားတာက သူ့လူတွေ အဲဒီမှာသုံးတော့ ပစ်ခတ်လာရင် သူ့လူတွေနဲ့ပြန်ပြီးစကားပြောဆို မိန့်ကြားတာတွေ ရှိလာမှာစိုးလို့ အခြေအနေကိုကြည့်ပြီး ဖြတ်တောက်လိုက်တာလို့လည်း သုံးသပ်လို့ရပါတယ်။”

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်ရဲ့အမိန့်နဲ့ သူတို့ခေါင်းဆောင် ၂ ယောက်ကို မြစ်ကြီးနားမြို့ နေအိမ်ပြင်ပကနေမထွက်ဖို့ ပိတ်ပင်လိုက်တာဖြစ်ပြီး သူ့ရဲ့ မိသားစုဝင်တွေကလည်း စိုးရိမ်ပူပန်နေတယ်လို့သိရပါတယ်။

ဦးစခုန်တိန့်ယိန်းခေါင်းဆောင်တဲ့ ကချင်ဒီမိုကရေစီသစ် တပ်မတော် NDA-K ဟာ မြန်မာစစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့စည်းဖို့ ပြည်သူ့စစ်အတွက် နယ်ခြားစောင့်တပ်ကိုအသုံးမပြုဖို့နဲ့ ပြည်ပရန်သူအတွက်သာအသုံးပြုမယ်ဆိုတဲ့ အစိုးရနဲ့ NDA-K ကြားက သဘောတူညီချက်အရ အခုလို နယ်ခြားစောင့်တပ်ကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလမှာ ပြောင်းလဲခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

NDA-K ကိုဖျက်သိမ်းပြီးတဲ့နောက်မှာလည်း သူတို့ ၂ ယောက်ဟာ တပ်ရင်း ၃ ခုနဲ့ဖွဲ့စည်းထားတဲ့ နယ်ခြားစောင့်တပ်အပေါ်မှာ ဩဇာလွှမ်းမိုးသူတွေဖြစ်တယ်လို့သိရပါတယ်။ ဩဇာလွှမ်းမိုးသူတွေ ဖြစ်လို့လည်း ဦးစခုန်တိန့်ယိန်းဟာ ရွေးကောက်ပွဲမယှဉ်ပြိုင်ခင်မှာ မြန်မာအစိုးရတပ်တွေနဲ့တင်းမာနေခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေကို ဆူပူအောင်လုပ်နေတာရပ်ဖို့ ငြိမ်းချမ်းရေးကိုရှေ့ရှုဖို့အတွက် တိုက်တွန်းခဲ့ပါသေးတယ်။

# အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး မြန်မာပြည်သို့ အလည်အပတ်သွားမည်

**MIZZIMA ၊ ဂျွန် ၁၇ ။** ။ အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်အမ်ကရစ်သျှနား S M Krishna သည် လာမည့် တနင်္လာနေ့တွင် မြန်မာနိုင်ငံသို့ အလည်အပတ်သွားမည်ဟု ရန်ကုန်ရှိ အိန္ဒိယသံရုံးက မဇ္ဈိမကိုပြောဆိုသည်။ ခရီးစဉ်အတွင်း မည်သည့် မြန်မာအစိုးရခေါင်းဆောင်များနှင့်တွေ့ဆုံမည်၊ မည်သည့်အကြောင်းအရာများ ဆွေးနွေးမည်ကို အတိအကျ မသိရှိရသေးကြောင်း သံရုံးမှ အမည်မဖော်လိုသည့် အကြီးတန်းအရာရှိတဦးက ဆိုသည်။

"ဇွန်လ ၂၀ ရက်နေ့မှာ လာမှာပါ။ ဒါပေမဲ့ တိကျတဲ့ အသေးစိတ်ကိုတော့ လက်ခံမရရှိသေးပါဘူး။ လာမယ်လို့ ဆုံးဖြတ်ပြီးတာပဲရှိပါတယ်။ ဘယ်သူတွေနဲ့ တွေ့မယ်ဆိုတာ မသေချာသေးပါဘူး။ စီစဉ်နေဆဲပါ။" ဟု သူကပြောသည်။ မြန်မာသမ္မတဦးသိန်းစိန်၏ အိန္ဒိယခရီးစဉ်အတွက် အိန္ဒိယဝန်ကြီး၏မြန်မာပြည်ခရီးစဉ်မှာ ကနဦးပြင်ဆင်မှုဖြစ်နိုင်ကြောင်း ညွန့်ပေါင်းအစိုးရ NCGUB ပြန်ကြားရေးဝန်ကြီးဒေါက်တာတင့်ဆွေက မဇ္ဈိမကို ပြောသည်။

"တရုတ်နိုင်ငံကို သွားပြီးမှ အိန္ဒိယကို မလာဘူးဆိုရင် အိန္ဒိယဘက်ကကြည့်ရင် ဒါဟာ အင်မတန်မှ ခွင့်မလွှတ်နိုင်စရာ နိုင်ငံတကာဆက်ဆံရေးဖြစ်လိမ့်မယ်။ ဒါ့ကြောင့် လာကိုလာရမယ့် အနေအထားရှိတယ်၊ ဒီအတွက်လည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက သွားပြီး ပြင်ဆင်တယ်လို့ ပြောရင်လည်းမမှားဘူးလို့ဆိုနိုင်ပါတယ်" ဟု ပြောသည်။

သမ္မတဦးသိန်းစိန်သည် တရုတ်နိုင်ငံသို့ ပြီးခဲ့သည့် မေလ ၂၆ရက်မှ ၂၈ ရက်နေ့အထိ ၃ ရက်ကြာ သွားရောက် လည်ပတ်ခဲ့ပြီး တရုတ်သမ္မတ ဟူကျင်တောင်းနဲ့ တွေ့ဆုံခဲ့သေးသည်။

သမ္မတဦးသိန်းစိန် အိန္ဒိယသွားမည့် အကြောင်း သမ္မတအကြံပေး ဒေါက်တာနေဇင်လတ် အပြောကို ကိုးကားကာ ပြည်တွင်းထုတ် The Voice Weekly ဂျာနယ် အတွဲ ၇၊ အမှတ် ၂၅ တွင် ဖော်ပြခဲ့သည်။ သို့သော် မဇ္ဈိမအနေဖြင့် သီးခြားအတည်ပြုချက် မရသေးပေ။အိန္ဒိယအနေဖြင့် ၎င်း၏အရှေ့မျှော်မူဝါဒ အောင်မြင်စေရန် ကြိုးစားနေပြီး အဓိကမှာ နယ်စပ်ဒေသကိစ္စဖြစ်ကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးနှင့်လက်နက်ကိုင်အဖွဲ့များ ပြဿနာဖြစ်ကြောင်း ဒေါက်တာတင့်ဆွေကသုံးသပ်သည်။

သူက ဆက်ပြီး "အခုနောက်ပိုင်းဆို နည်းနည်း ပိုရှုပ်ထွေးလာတဲ့ အနေအထားရှိပါတယ်။ ဗမာပြည်လည်း ကချင်မှာ တိုက်ပွဲတွေဖြစ်နေတော့ ကချင်နဲ့ ဆက်ပြီးတော့ နာဂတောင်တန်းနဲ့စစ်ကိုင်း တိုင်းဘက်မှာနေကြတဲ့ အိန္ဒိယဆန့်ကျင်ရေးသူပုန်တွေကိစ္စက အိန္ဒိယအတွက် အကြီးအကျယ်ခေါင်းခဲစရာဖြစ်ပါတယ်။ ဒီအတွက်လည်းအိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက နောက်တနည်းနဲ့

သေချာပေါက် ကြိုးစားလိမ့်မယ်လို့ ယူဆရပါတယ်" ဟု ဆိုသည်။ မစ္စတာ ကရစ်သျှနားသည် ၁၂ ကြိမ်မြောက် ဘင်္ဂလား ပင်လယ်အော် နည်းပညာ၊ စီးပွားရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ BIMSTEC ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ ၂၀၀၉ ဒီဇင်ဘာလထဲတွင် လာရောက်ခဲ့ဖူးသည်။

၂၀၁၁ ဧပြီလ ၂၅ ရက်နေ့တွင် အိန္ဒိယ ပြည်ပ ထောက်လှမ်းရေးအဖွဲ့တခုဖြစ်သည့် RAW အကြီးအကဲ မစ္စတာ S. K. Tripathi သည် နေပြည်တော်သို့ သွားရောက်ခဲ့ပြီး ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် တွေ့ဆုံခဲ့သေးသည်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**